# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ပြည်ပသို့ တရားမဝင်ငွေလွှဲဝန်ဆောင်မှု(Hundi)နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပသို့ တရားဝင် ငွေလွှဲခွင့်ပြုထားသည့်ဘဏ်အရေအတွက်နှင့် နိုင်ငံသားတစ်ဦးလျှင် တရားဝင် ငွေလွှဲခွင့်ပြုထားသည့်စုစုပေါင်း ငွေကြေးပမာဏသိလိုခြင်း၊ ပြည်ပသို့ တရားဝင်ငွေကြေးလွှဲပြောင်းခွင့် နှင့်ပတ်သက်၍ သက်ဆိုင်ရာအနေဖြင့် မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းမည်နည်း၊ တရားမဝင် ငွေကြေးလွှဲပြောင်းခြင်းကြောင့် နိုင်ငံ့အပေါ် ဖြစ်ပေါ်လာသည့်အကျိုးဆက်တို့ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(MESC)တို့အနေဖြင့် မည်သည့်မြို့နယ်များကို တာဝန်ယူလုပ်ကိုင်ပြီး မည်သည့် မြို့နယ်များကို Franchise တာဝန်ပေးအပ် လုပ်ကိုင်နေသည်ကို သိလိုခြင်း၊ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် Franchise၊ YESC နှင့် MESC တို့၏တာဝန်ယူ လုပ်ကိုင်နေသော ဓာတ်အားပျောက်ဆုံးမှု အခြေအနေစာရင်းများကို သိလိုခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှုများရှိနေခြင်းကြောင့် နိုင်ငံတော် ပြည်သူ့ဘဏ္ဍာငွေများနစ်နာမှုများ ဖြစ်ပေါ်နေ၍ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းအောင် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၇ | ကျောင်းကုန်းမြို့နယ်အတွင်းရှိကျေးရွာများ လျှပ်စစ်မီးပုံ့နှံ့စွာရရှိစေရန် မြို့နယ်နှင့်ဆက်သွယ်သည့် ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့ချိတ်ဆက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၈ | မြစ်သားမြို့နယ်၊ မြောင်းကြီးဘောင်၊ ပွဲလုံးကျော်နှင့် ထိန်ကန်ကြီးကျေးရွာများမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာမီးလင်းရန် အခက် | ၂၁ |

အခဲရှိနေသောကြောင်း လျှပ်စစ်မီးရရှိရေးအတွက် ရန်ပုံငွေချထား ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၉ ပန်းတောင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူရထားလမ်းပိုင်း တည်ဆောက်ရာတွင် သိမ်းဆည်းမြေများ အတွက် လျော်ကြေးပေးချေရန် နောက်ဆက်တွဲဆောင်ရွက်ထားမှု အခြေအနေအား သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၃

၁၀ ရွှေပြည်သာမြို့နယ်၊ မြန်မာ့စာတိုက်လုပ်ငန်းအဆောက်အဦသည် အများပြည်သူနှင့်ဆက်သွယ်ရေး ဝန်ထမ်းများအတွက် အန္တရာယ်ရှိ အဆောက်အဦအဆင့်သို့ ရောက်ရှိနေပါသဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းအဆောက်အဦသစ်တစ်လုံး အမြန်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၆

၁၁ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း နံဘေးရှိ တိန်းချောင်းကမ်းပါး ထပ်မံမပြိုကျနိုင်စေရေး အတွက် မြေထိန်းနံရံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အရေးပေါ် တည်ဆောက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်း ၃၁

၁၂ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် လေးမြို့နယ် နှင့် လှိုင်သာယာ၊ ရွှေပြည်သာမြို့သစ်ခြောက်မြို့နယ်တွင် တိကျသည့်နယ်နိမိတ်သတ်မှတ်ချက်၊ တိကျသည့် စည်းကမ်းသတ်မှတ်ချက်များချမှတ်ကာ တရားဝင်မှတ်ပုံတင်စေပြီး အချိန်ကာလတစ်ခု အထိရည်ရွယ်၍ မော်တော်ဆိုင်ကယ်စီးနင်းခွင့်ပြုပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း ၃၄

၁၃ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၄၀

၁၄ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၄၀

၁၅ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၄၈

| | | |
|---|---|---|
| ၁၆ | ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသည့် ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄၉ |
| ၁၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးနဝမနေ့ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၂ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## အဌမနေ့ အစီအစဉ်

## [ ၄-၂-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **ပြည်ပသို့ တရားမဝင်ငွေလွှဲ ဝန်ဆောင်မှု (Hondi ) နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ပြည်ပသို့ တရားဝင်ငွေလွှဲခွင့်ပြုထားသည့် ဘဏ် အရေအတွက်နှင့် နိုင်ငံသား (၁) ဦးလျှင် တရားဝင်ငွေလွှဲခွင့် ပြုထားသည့် စုစုပေါင်း ငွေကြေးပမာဏအား သိလိုခြင်း၊ ပြည်ပသို့ တရားမဝင် ငွေကြေး လွှဲပြောင်းခွင့်နှင့် ပတ်သက်၍ သက်ဆိုင်ရာအနေဖြင့် မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းမည်နည်း၊ တရားမဝင် ငွေကြေးလွှဲပြောင်းခြင်းကြောင့် နိုင်ငံအပေါ် ဖြစ်ပေါ်လာသည့် အကျိုးဆက်တို့ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC) တို့အနေဖြင့် မည်သည့်မြို့နယ်များကို တာဝန်ယူလုပ်ကိုင်ပြီး မည်သည့်မြို့နယ်များကို Franchiseတာဝန်ပေးအပ် လုပ်ကိုင်နေသည်ကို သိလိုခြင်း၊ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် Franchise၊ YESC နှင့် MESC တို့၏ တာဝန်ယူလုပ်ကိုင်နေသော ဓာတ်အားပျောက်ဆုံးမှု အခြေအနေစာရင်းများကို သိလိုခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှု များရှိနေခြင်းကြောင့် နိုင်ငံတော်ပြည်သူ့ဘဏ္ဍာငွေများ နစ်နာမှုများ ဖြစ်ပေါ်နေ၍ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းအောင် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ် အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးပုံ့နှံ့စွာ ရရှိစေရန် မြို့နယ်နှင့် ဆက်သွယ်သည့် ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့ချိတ်ဆက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ်၊ မြောင်းကြီးဘောင်၊ ပွဲလုံးကျော်နှင့် ထိန်ကန်ကြီး ကျေးရွာများမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာမီးလင်းရန် အခက်အခဲရှိနေသောကြောင့် လျှပ်စစ်မီးရရှိရေးအတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **ပန်းတောင်းမြို့နယ်အတွင်း ကြံခင်း–ပခုက္ကူ ရထားလမ်းပိုင်း တည်ဆောက်ရာတွင် သိမ်းဆည်းမြေများအတွက် လျော်ကြေးပေးချေရန် နောက်ဆက်တွဲ ဆောင်ရွက်ထားမှု အခြေအနေအား သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးညဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်၊ မြန်မာ့စာတိုက်လုပ်ငန်း အဆောက်အဦသည် အများပြည်သူနှင့် ဆက်သွယ်ရေးဝန်ထမ်းများအတွက် အန္တရာယ်ရှိအဆောက်အဦအဆင့်သို့ ရောက်ရှိနေပါသဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်း အဆောက်အဦသစ်တစ်လုံးကို အမြန်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနံဘေးရှိ တိန်းချောင်းကမ်းပါး ထပ်မံ မပြိုကျနိုင်စေရေးအတွက် မြေထိန်းနံရံကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အရေးပေါ်တည်ဆောက်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က **“ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ၄ မြို့နယ်နှင့် လှိုင်သာယာ၊ ရွှေပြည်သာမြို့သစ် (၆) မြို့နယ်တွင် တိကျသည့် နယ်နိမိတ်သတ်မှတ်ချက်၊ တိကျသည့် စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ကာ တရားဝင်မှတ်ပုံတင်စေပြီး အချိန်ကာလ တစ်ခုအထိ ရည်ရွယ်၍ မော်တော်ဆိုင်ကယ် စီးနင်းခွင့်ပြုပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း ”** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ခ) ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဂ) ဗိုလ်မှူးဇင်လင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

၉။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၀။ ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းသည့် **“ပြည်ထောင်စု ရှေ့နေချုပ်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
## (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၉၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၂) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၃) ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၄) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၅) မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင် ခွင့် ၁ ရက်၊

(၆) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၇) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၈) ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင် ခွင့် ၁ ရက်၊

(၉) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ခွင့် ၁ ရက်၊

(၁၀) မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ခွင့် ၁ ရက်၊

(၁၁) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး ခွင့် ၁ ရက်၊

(၁၂) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၁၉ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်စန်းလင်း ခွင့် ၁ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဒေါ်အေးအေးမာ ခွင့် ၁ ရက်၊

(၁၅) ချောင်းဦးမဲဆန္ဒနယ်မှ ဦးမျိုး ခွင့် ၁ ရက်၊

(၁၆) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁၅ ရက်၊

(၁၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၅ ရက်၊

(၁၈) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၁၉) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၂၀) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၄ ရက်၊

(၂၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၅ ရက်၊

(၂၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂၃) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၂၄) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၃ ရက်၊

(၂၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၂ ရက်၊

(၂၆) အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၁ ရက်၊

(၂၇) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၂၈) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၂၉) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၅ ရက်၊

(၃၀) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၃ ရက်၊

(၃၁) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၁ ရက်၊

(၃၂) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၃၃) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၃၄) တာချီလိတ်မဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၄ ရက်၊

(၃၅) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၄ ရက်၊

(၃၆) မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး ခွင့် ၄ ရက်၊

(၃၇) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၄ ရက်၊

(၃၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်၊

**မှူကြမ်း**

(၃၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၅ ရက်၊

(၄၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၄၁) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၄၂) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊

(၄၃) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊

(၄၄) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊

(၄၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၄၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၄၇) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁၇ ရက်၊

(၄၈) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်နှင့်

(၄၉) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်ပသို့ တရားမဝင်ငွေလွှဲဝန်ဆောင်မှု(Hundi)နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပသို့ တရားဝင်ငွေလွှဲခွင့်ပြုထားသည့်ဘဏ်အရေအတွက်နှင့် နိုင်ငံသားတစ်ဦးလျှင် တရားဝင် ငွေလွှဲခွင့်ပြုထားသည့်စုစုပေါင်း ငွေကြေးပမာဏသိလိုခြင်း၊ ပြည်ပသို့ တရားဝင်ငွေကြေးလွှဲပြောင်းခွင့် နှင့်ပတ်သက်၍ သက်ဆိုင်ရာအနေဖြင့် မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းမည်နည်း၊ တရားမဝင် ငွေကြေးလွှဲပြောင်းခြင်းကြောင့် နိုင်ငံ့အပေါ် ဖြစ်ပေါ်လာသည့်အကျိုးဆက်တို့ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပသို့ တရားဝင်ငွေလွှဲခွင့်ပြုထားတဲ့ဘဏ်အရေအတွက်နဲ့ နိုင်ငံသားတစ်ဦးလျှင် ပြည်ပသို့ တရားဝင်ငွေလွှဲခွင့်ပြုထားတဲ့ စုစုပေါင်းငွေကြေးပမာဏအား သိရှိလိုခြင်း၊ ထို့အပြင် ပြည်ပသို့ တရားမဝင်ငွေကြေး ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းနဲ့ပတ်သက်၍ သက်ဆိုင်ရာအနေဖြင့် ကိုင်တွယ် ဖြေရှင်းရန် အစီအစဉ်ရှိကြောင်းနဲ့ ပြည်ပသို့တရားမဝင်ငွေကြေးလွှဲပြောင်းခြင်းဖြင့် နိုင်ငံအပေါ် ဖြစ်ပေါ်လာတဲ့အကျိုးဆက်နှင့်စပ်လျဉ်း၍ သိရှိလိုခြင်းနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်း သွားမယ့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အမှန်တကယ် ပြည်တွင်းကနေ ပြည်ပကို တရားဝင်ငွေလွှဲခွင့်ပြုထားတဲ့ ငွေကြေး Amount က လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ သာရှိကြောင်း သိရပါတယ်။ ဒါကလည်း ဘဏ်တိုင်းမဟုတ်ပါဘူး။ တကယ်လို့ လွှဲခဲ့မယ်ဆိုလို့ရှိရင် မှတ်ပုံတင်မကဘဲ အိမ်ထောင်စု ဇယားပေးရမယ့်အပြင် ငွေလွှဲပြောင်း ငွေလက်ခံတဲ့သူတွေပါ အိမ်ထောင်စုဇယားထဲမှာ ပါရမှာ ဖြစ်ပါတယ်လို့ သတ်မှတ်ထားပါတယ်။ ကျွန်မကိုယ်တိုင် ဘဏ်တွေမှာသွားပြီး မေးမြန်းခဲ့တာပါ။ ကျွန်မအနေနဲ့ ဒီလိုနည်းစနစ်တွေပြုလုပ်ခြင်းဟာ တရားမဝင်ငွေလွှဲဝန်ဆောင်မှု ပြုလုပ်နေတဲ့သူ တွေအတွက် ပိုပြီးအားပေးရာရောက်တဲ့ ဝန်ဆောင်မှုစနစ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီလို ခက်ခဲတဲ့စနစ်ကို ဘယ်သူကမှ အချိန်တွေအများကြီးပေးပြီး သွားလွှဲကြမှာမဟုတ်သလို ဗဟိုဘဏ် အနေဖြင့်လည်း လွယ်ကူရှင်းလင်းတဲ့ ဝန်ဆောင်မှုတွေကိုဖန်တီးပေးဖို့ လိုအပ်နေပါတယ်။ အထူးသဖြင့် Hundi လို့ အများခေါ်ဝေါ်နေကြတဲ့ ငွေလွှဲဖြတ်ပိုင်းဝန်ဆောင်မှုတွေဟာ သက်ဆိုင်ရာဝန်ကြီးဌာနမှာ လုံးဝမှတ်ပုံတင်ထားတာမရှိကြပါဘူး။ များသောအားဖြင့် အချင်းချင်းချိတ်ဆက်ပြီး ဝန်ဆောင်မှုတွေ ကို မသိအောင်ပြုလုပ်ကြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကနေ ပြီးတော့ အတည်ပြုပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနဲ့ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းထားတဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေရှိသော်လည်း တကယ့်မြေပြင်မှာ ဖြစ်ပျက်နေတဲ့အရာတွေနဲ့ လက်တွေ့မှာ ယင်းဥပဒေရဲ့ လွှမ်းမိုးမှုဟာ အလွန်အားနည်းနေသေး ကြောင်း တွေ့ရတဲ့အပြင် တာဝန်အရှိဆုံးဌာနတွေရဲ့လုပ်ဆောင်မှုက အင်မတန်မှ အားနည်းနေသေး ကြောင်း လေ့လာတွေ့ရှိရပါတယ်။ System ပိုင်းအရရော အားနည်းနေသေးသည့်အတွက်ကြောင့်မို့လို့ ပြုပြင် ပြောင်းလဲဖို့ လိုအပ်နေပါပြီ။ ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံမှာ တရားမဝင်ငွေကြေးဝန်ဆောင်မှုကို ဘာကြောင့် အများဆုံးအသုံးပြုသလဲလို့ လေ့လာတဲ့အခါမှာ ဈေးကွက်အရ လိုအပ်ချက်ဖြစ်ပြီး ဝယ်လိုအားရှိလို့ ရောင်းလိုအားရှိတာဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာလုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရ တဲ့ ဌာနတွေအနေဖြင့် ငွေကြေးခဝါချမှုများမဖြစ်ပေါ်လာအောင်နှင့် နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာမဆုံးရှုံး ရအောင် ရောင်းလိုအားနှင့် ဝယ်လိုအားမျှအောင် လုပ်ပေးဖို့ လုံးဝလိုအပ်နေပြီဖြစ်ပါတယ်။ မလုပ်ပေး နိုင်သရွေ့ကတော့ ရန်ကုန်မြို့ အနော်ရထာလမ်းတစ်လျှောက်တွင် တရားမဝင်ငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများလုပ်နေကြတဲ့သူတွေအတွက် အားပေးသလိုဖြစ်ပြီး နိုင်ငံနှင့်ပြည်သူအတွက် နစ်နာ သည်ထက် နစ်နာရဦးမှာဖြစ်ပါတယ်။ ဒီအကြောင်းအရင်းတွေကို ဝန်ကြီးဌာနအနေဖြင့် မသိဘဲမနေပါ ဘူး။ စဉ်းစားစရာအချက်က ဘာကြောင့် ဒီလူတွေကို ဥပဒေအရ အရေးယူခြင်းမရှိဘဲ လွှတ်ထားတာ လဲ။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ အခန်း(၁၁)မှာ တားမြစ်ချက်တွေ ဖော်ပြထားတဲ့အပြင် ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးဥပဒေနဲ့လည်း ငြိစွန်းပါလျက်နဲ့ ဘာကြောင့် အရေးယူခြင်းမခံရသလဲဆိုတာ ကျွန်မအတွက် တော်တော်စဉ်းစားစရာဖြစ်ပါတယ်။

ပြည်ပရင်းနှီးမြုပ်နှံမှုများဝင်လာဖို့ဆိုရင် ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဌာနမှ ဒါတွေကို ကောင်းမွန်စွာကိုင်တွယ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံအချင်းချင်း ငွေလွှဲဝန်ဆောင်မှုတွေကို အဆင်ပြေ ချောမွေ့အောင်ပြုလုပ်ပေးရမယ့် မဟာဗျူဟာတွေကောင်းကောင်းချမှတ်ရေးဆွဲဖို့ လိုအပ်နေပါပြီ။ အရေးကြီးဆုံးအချက်ကတော့ ဘဏ်များအားလုံးအနေဖြင့် ထူးခြားတဲ့ငွေကြေးစီးဆင်းမှုများ ပေါ်ပေါက်လာခဲ့ရင် ဗဟိုဘဏ်ကို အချိန်နှင့်တစ်ပြေးညီတင်ပြရမှာဖြစ်တဲ့အပြင် ဗဟိုဘဏ်အနေဖြင့် လည်း ဒီလိုထူးခြားဖြစ်စဉ်မျိုးများကို အမြန်ဆုံးကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ငွေကြေးခဝါချမှုများ နှင့် ချက်ချင်းချိတ်ဆက်ပူးပေါင်းသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဘဏ်များအနေဖြင့် ဝန်ထမ်းများခေါ်ယူရာတွင်လည်း ဘွဲ့ရဖြစ်ရမယ်လို့ တစ်ခုတည်း မဟုတ်ဘဲ ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ ဘယ်လောက်နားလည်တတ်ကျွမ်းသလဲဆိုတာ ပါဝင်သင့် ပါတယ်။ တရားမဝင်ငွေကြေးလွှဲပြောင်းခြင်း၊ ငွေလဲလှယ်ခြင်း စသည်တို့ကို မြန်မာနိုင်ငံနယ်စပ်မြို့မှာ အများဆုံးတွေ့ရပါတယ်။ ဒီလိုတရားမဝင်ငွေလွှဲဝန်ဆောင်မှုများကို တရုတ်နိုင်ငံမှာဆိုလို့ရှိရင် သေဒဏ်အပြင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခြင်းကို ခံရပါတယ်။ ဒါတွေပြုလုပ်တာဟာ လူသားချင်း ကိုယ်ချင်းမစာလို့မဟုတ်ပါဘူး။ လူအနည်းစုနဲ့ တစ်နိုင်ငံလုံးရဲ့ဘဝကို နိုင်ငံတော်အနေနဲ့ အလဲထပ်မပြုနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ယနေ့ မေးခွန်းကို တင်ပြရခြင်း အကြောင်းအရင်းကတော့ နိုင်ငံသူနိုင်ငံသားများ၏အကျိုးကို ရှေးရှုပြီး ယနေ့ မေးခွန်းကို တင်ပြရခြင်း

ဖြစ်တဲ့အပြင် ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း နိုင်ငံနဲ့ ပြည်သူများ၏ အကျိုးကို ရှေးရှုပြီး အချင်းချင်းချိတ်ဆက်ဆောင်ရွက်မှုအား ပိုမိုကောင်းအောင်ပြုလုပ်သင့်ပါကြောင်း ပြောကြားရင်း ယနေ့မေးခွန်းကို ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘိုဘိုငယ်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို နားထောင်ရတာ အလွန်နှစ်ထောင်းအားရဖြစ်ပါတယ်။ ဒီဟာတွေဟာ ကျွန်တော်တို့တိုင်းပြည်အတွက် အခုအချိန်မှာ တကယ်ကိုလိုအပ်နေ တဲ့အခြေအနေတွေပါ။ အဲဒီတော့ ဒီဟာတွေနဲ့ပတ်သက်လို့ ကျွန်တော် အဆင့်နှစ်ဆင့်ခွဲပြီးတော့ တင်ပြသွားပါ့မယ်။ ပထမဦးဆုံးကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ နိုင်ငံသား တစ်ဦးကို ဘယ်လောက်ခွင့်ပြုထားတာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ နိုင်ငံသား တစ်ဦးကို တစ်ပတ်လျှင် ဒေါ်လာတစ်သောင်းအထိပဲ အများဆုံးခွင့်ပြုပါတယ်။ အဲဒါ တရားဝင် စုစုပေါင်းငွေလွှဲခွင့်လည်း ပြုထားပါတယ်။ အဲဒီလိုငွေလွှဲပြုထားတဲ့ဥစ္စာမှာ ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားတဲ့ နိုင်ငံပိုင်ဘဏ်သုံးဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ဘဏ်၊ နိုင်ငံခြားဘဏ်တွေရဲ့ ဘဏ်ခွဲ ၁၃ ဘဏ် စုစုပေါင်း ၃၅ ဘဏ်ဟာ ပြည်ပကို ငွေလွှဲလုပ်ငန်းလုပ်ကိုင်ခွင့်ရှိပါတယ်။ Authorize Dealer ဆိုတဲ့ လိုင်စင်ထုတ်ပေးထားပါတယ်။ အဲဒီပြည်တွင်းဘဏ် ၁၉ ဘဏ်အနက်မှ ၁၃ ဘဏ်ကသာ တကယ်လုပ်နေတဲ့အနေအထားဖြစ်ပါတယ်။ အဲဒီ ၁၃ ဘဏ်က Western Union ၊ Moneygram ၊ True Money ဆိုတဲ့ ငွေလွှဲလုပ်ငန်းတွေနဲ့ပေါင်းပြီးတော့ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအခါမှာ ကျွန်တော်တို့ဘက်က နှစ်ပိုင်းရှိတာကတော့ ကုန်သွယ်မှုအတွက် လွှဲပို့တဲ့ငွေနဲ့ ကုန်သွယ်မှုအတွက်မဟုတ်တဲ့ လွှဲပို့တဲ့ငွေဆိုပြီး နှစ်မျိုးရှိပါတယ်ခင်ဗျား။ ကုန်သွယ်မှုအတွက် လွှဲပို့တဲ့ငွေကတော့ အကန့်အသတ်မရှိပါဘူး။ ကုန်သွယ်မှုမဟုတ်တဲ့ ပြည်ပကို ဆေးသွားကုမယ်ဆိုတဲ့၊ တခြား ညီလာခံနှင့် ဆွေးနွေးပွဲတွေတက်မယ်၊ ပညာသင်စရိတ်တွေ၊ စာမေးပွဲကြေးတွေဆိုတဲ့စာတွေ လွှဲပို့တာတော့ အများဆုံး အမေရိကန်ဒေါ်လာတစ်သောင်းအထိကို သတ်မှတ်ထားတဲ့အထောက်အထားတွေ တင်ပြပြီးမှစိစစ်ပြီးတော့ လွှဲပို့ခွင့်ရှိပါတယ်။ အဲဒီထက်ပိုများတဲ့ဟာကို လွှဲပို့ရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ခွင့်ပြုချက်ယူရတာဖြစ်ပါတယ်။

အဲဒီတော့ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းဖြစ်တဲ့ ပြည်ပကို ငွေလွှဲပို့တဲ့အခါမှာ ဘာတွေဖြစ်လာနိုင်သလဲဆိုတဲ့မေးခွန်းကတော့ တော်တော်အရေးကြီးတဲ့မေးခွန်းပါ။ ဒါကို ကျွန်တော်တို့ လေးလေးနက်နက်ကိုင်တွယ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ လေးလေးနက်နက်စဉ်းစားဖို့ လိုပါတယ်။ ဒီလိုမေးခွန်းမေးသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ပါတယ်။ အဲဒီတော့ ပြည်ပကို တရားမဝင်လွှဲပို့ခြင်းဖြင့် ဖြစ်လာမယ့်အကျိုးဆက်တွေကရော ဘာတွေရှိသလဲဆိုတာတော့

ကျွန်တော်တို့ ပထမဦးဆုံး ရှင်းလင်းတင်ပြပါရစေ။ ကျွန်တော်တို့နိုင်ငံမှာ အခုဆိုရင် တရားဝင်လွှဲတဲ့ဟာနဲ့ တရားမဝင်လွှဲတဲ့ဟာ တရားမဝင်လွှဲတဲ့ငွေက ပိုများလျက်ရှိပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့မှာ ဘာဖြစ်သလဲဆိုတော့ Financial Action Task Force ခေါ်တဲ့ Review မှာဆိုရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ ထိခိုက်မှုရှိလာနိုင်ပါတယ်။ ဒီလိုတရားမဝင်လွှဲတဲ့ငွေပမာဏများခြင်းအားဖြင့် ဒီဟာတွေဟာ ဘယ်ဟာကိုလွှဲနေသလဲဆိုတာ တိုင်းပြည်အစိုးရက သေသေချာချာမသိဘူး။ တိုင်းပြည်ရဲ့သက်ဆိုင်တဲ့အာဏာပိုင်အဖွဲ့အစည်းကမသိဘူးလို့ ယူဆတဲ့အခါမှာ ဒီဟာတွေက အခက်အခဲဖြစ်လာနိုင်တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီတရားမဝင်လွှဲပို့တဲ့ဟာတွေကို လေ့လာကြည့်တဲ့အခါမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ စင်ကာပူနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ကို သွားပြီးတော့ လေ့လာခဲ့ပါပြီ။ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ခု လေ့လာခဲ့ပါတယ်။ လေ့လာခဲ့ပြီးတော့ သက်ဆိုင်ရာအာဏာပိုင်နဲ့ ဆွေးနွေးခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန် ဘဏ္ဍာရေးဌာနနဲ့လည်း ဆွေးနွေးမှုတွေရှိပါတယ်။ လုပ်ခဲ့ပါတယ်။ လုပ်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့အနေနဲ့ ဒီဟာတွေကို ငွေလွှဲပို့လုပ်ငန်းတွေကို လုပ်ကိုင်နိုင်ဖို့အတွက်ကို ပထမဦးဆုံးက ကျွန်တော်တို့ ထိန်းကျောင်းမယ့်အစီအစဉ်တစ်ခုစတင်ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတည်းက အပြီးသတ်ရေးဆွဲပြီးဖြစ်ပါတယ်။ ဒီမှာရေးဆွဲပြီးတဲ့အခါမှာ ဒီဟာတွေကိုလည်း အမေရိကန်ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံအနေနဲ့ သူတို့ရဲ့အတွေ့အကြုံတွေပါယူပြီးတော့ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒီရေးဆွဲခဲ့တဲ့မူကြမ်းအပေါ်မှာ မကြာခင် ကျွန်တော်တို့ရဲ့ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို တင်ပြရင်း သက်ဆိုင်ရာကော်မတီကို တင်ပြမယ်။ ပြီးတဲ့အခါမှာ ရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်ယူမယ်။ ပြီးလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ကိုယူပြီးတော့ ကျွန်တော်တို့ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ အဲဒါကိုလည်း ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်ခင်ဗျား။

ဒီကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းမှာပါတဲ့အချက်တစ်ချက်ဖြစ်တဲ့ ကျွန်တော်တို့ ငွေလွှဲတဲ့အခါမှာ အရမ်းကြန့်ကြာမှုတွေဖြစ်တဲ့အနေအထားတွေ ဖြစ်နေတယ်။ ဒီအတွက်ကြောင့်မို့လို့ ဘဏ်လုပ်ငန်းကို မသုံးဘဲ ဒီအပြင် တရားမဝင်လမ်းကြောင်းတွေကနေတစ်ဆင့် လွှဲပို့တာတွေ ဖြစ်နေတယ်ဆိုတဲ့အနေအထားဟာ ဒါတွေနဲ့ပတ်သက်လို့ကျွန်တော် တင်ပြလိုပါတယ်။ အခု ဒီအသစ်ဆွဲတဲ့စည်းမျဉ်းမှာဆိုရင် အမေရိကန်ဒေါ်လာ ၅၀၀ အောက်ရှိတဲ့ပမာဏပေါ့။ ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ တစ်စုံတစ်ရာ လိုအပ်တဲ့ တချို့အချက်အလက်လောက်ပဲ မေးမြန်းပြီးတော့ တစ်နှစ်တာလောက် သိမ်းဆည်းထားဖို့ ကျွန်တော်တို့ စည်းမျဉ်းထုတ်ထားပါတယ်။ တကယ်လို့ အမေရိကန်ဒေါ်လာ ၅၀၀ နဲ့ညီမျှတဲ့ပမာဏထက် ပိုတဲ့ငွေကို ဆိုလို့ရှိရင်တော့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအတွက် လိုအပ်တဲ့ အထောက်အထားတွေ၊ စည်းမျဉ်းတွေ ဘာကြောင့်ငွေလွှဲရတယ်ဆိုတဲ့အကြောင်းအရင်းတွေကို ဒီငွေလွှဲလက်ခံလိုင်စင်ရသူကနေပြီးတော့ တောင်းခံပြီးတော့ ငါးနှစ်တာသိမ်းဆည်းထားမှာဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ လူနဲ့တကွ ငွေကြေးခဝါချမှု

တိုက်ဖျက်ရေးအဖွဲ့ကလည်း လိုအပ်လို့ရှိရင် အချိန်မရွေးယူကြည့်သွားရင် ထုတ်ပေးနိုင်ရမယ့်အနေအထားဖြစ်ပါတယ်ခင်ဗျား။

နောက်တစ်ခုက ဒီလူတွေကို ကျွန်တော်တို့အနေနဲ့ ဒီငွေလွှဲလိုင်စင်ကို တရားဝင်ထုတ်မပေးခင်မှာ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ပူးပေါင်းပြီးတော့ ဖွင့်လှစ်မယ့်သင်တန်းကို တက်ရောက်ရမှာဖြစ်ပါတယ်။ အဲဒီသင်တန်းအောင်မြင်မှုရှိပြီးမှလည်း ဒီဟာက ဘယ်ငွေလွှဲကတော့ သံသယရှိဖွယ်ရာရှိတယ်ဆိုတာကို နားလည်နိုင်မယ့်အနေအထားဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာကို တစ်ယောက်၊ တစ်ယောက်အောင်မြင်တဲ့အချက်အလက်တွေ ပါဖို့လိုပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အချက်ပေါ့လေ။ အများပြည်သူရဲ့ ဒီဥပဒေရဲ့လွှမ်းမိုးထိရောက်မှု အားနည်းနေတယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ ဒါကိုလက်ခံပါတယ်။ ကျွန်တော်တို့ ဒီအတွက်လည်း လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာကော်မတီနဲ့ နှစ်ကြိမ်ခန့် ဆွေးနွေးမှုပြီးခဲ့ပြီးပါပြီ။ အခုအချိန်မှာ နိုင်ငံခြားငွေကြေးစီမံခန့်ခွဲမှုဥပဒေ (Foreign Exchange Management Law) ကိုပြင်ဆင်ဖို့အတွက် ကော်မတီဖွဲ့ထားပြီးတော့ ကျွန်တော်တို့ ဒီဟာကို ဆောင်ရွက်နေတာရှိပါတယ်။ ဆောင်ရွက်ပြီးရင် ဒီလွှတ်တော်ကိုပဲ ကျွန်တော်တို့ အနေနဲ့ တချို့သော ပြင်ဆင်မှုတွေလုပ်ဖို့အတွက် တင်ပြသွားမှာဖြစ်ပါတယ်။ ဒီမှာ အဓိကအားဖြင့် တော့ တွေ့တဲ့အချက်က ကျွန်တော်တို့ရဲ့ ဒီဥပဒေမှာ ဒဏ်ကြေး သို့မဟုတ် ထောင်ဒဏ်က အလွန်နိမ့်ပြီး ဒဏ်ကြေးဖြစ်ပါတယ်။ အများဆုံးသုံးလနှင့် သို့မဟုတ်ရင် ဒဏ်ကြေးဆိုတဲ့အခါမှာ ထောင်ဒဏ်လား၊ ဒဏ်ကြေးလားဆိုတာလည်း ဒဏ်ကြေးပေးရင် ပြန်လွှတ်ရမယ့်အနေအထားမျိုးဖြစ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါကို ပြင်ဆင်ပြီးတော့ လိုအပ်တဲ့အချက်တွေကို မကြာခင်မှာပဲ လွှတ်တော်မှာ လာတင်ပြဖို့ ရှိပါတဲ့အကြောင်းလည်း ဦးစွာ တစ်ချိန်တစ်ဆက်တည်းမှာပဲ တင်ပြပါရစေခင်ဗျား။

နောက်တစ်ခုက မြင်ရတဲ့အချက်ကတော့ ပြည်ပကို တရားဝင်ငွေလွှဲတာနဲ့ပတ်သက်လို့ အဓိကတွေ့ရတဲ့အချက်တွေကတော့ ကုန်သွယ်မှုနဲ့ဆိုင်တဲ့အချက်တွေဖြစ်ပါတယ်။ အဲဒီတော့ ကုန်သွယ်မှုနဲ့ဆိုင်တဲ့ဥစ္စာမှာ အဓိကကတော့ ကုန်သွယ်ရောင်းဝယ်တဲ့ငွေရဲ့တန်ဖိုးကို ပစ္စည်းသွင်းတာဖြစ်စေ၊ ထုတ်တာဖြစ်စေ ပိုပြခြင်း၊ လျှော့ပြခြင်းလုပ်ပြီးတော့ လိုတဲ့ပိုတဲ့ငွေကို နောက်ကနေပြီးတော့ ငွေလွှဲနည်းနဲ့ လိုက်ရှင်းကြလေ့ရှိပါတယ်။ ဒီဟာက အများစုတွေ့ရတယ်ဆိုတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန၊ စီမံဘဏ္ဍာဝန်ကြီးဌာနနှင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ သုံးပွင့်ဆိုင်ဆွေးနွေးတဲ့အစည်းအဝေးရှိပါတယ်။ ပုံမှန်အစည်းအဝေးရှိပါတယ်။ ဒီအစည်းအဝေးမှာ တင်ပြပြီးတော့ ဆွေးနွေးနေတာ ဖြစ်ပါတယ်။ ဆွေးနွေးပြီးတော့ မကြာခင်မှာပဲ ဒါကိုလည်းပိုပြီးတော့ အကောက်ခွန်မှာရှိတဲ့ စာရင်းသွင်းတဲ့စနစ်ကိုလည်း စနစ်တကျထိရောက်အောင်လုပ်ပြီးတော့ တရားမဝင်ငွေလွှဲတဲ့ကိစ္စတွေ၊ သွင်းကုန်ထုတ်ကုန်တွေမှာ စာရင်းပိုပြတာတွေ၊ လျှော့ပြတာတွေ ထိထိရောက်ရောက်အရေးယူဆောင်ရွက်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ အကောက်အခွန်ဌာနနဲ့ပူးပေါင်းပြီး စီစဉ်နေတာဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

ဒီလိုမျိုးလုပ်တဲ့အတွက် ဒီငွေလွှဲမှုပေါ့။ တရားမဝင်လုပ်ငန်းတွေ လုပ်နေတဲ့အတွက် တရားမဝင် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်အနေနဲ့ အခွန်တွေ ဆုံးရှုံးမှုရှိခဲ့လို့ ဒီတရားမဝင်ငွေလွှဲလုပ်ငန်းတွေက မသမာမှုပြုခြင်း၊ တိမ်းရှောင်မှုပြုခြင်းများဆိုတဲ့အခြေအနေတွေဖြစ်ပြီးတော့လည်း ပြည်သူလူထုက ဆုံးရှုံးမှုတွေဖြစ်နိုင်ပါတယ်။ ဒီငွေလွှဲလုပ်ငန်းခွင့်ပြုတဲ့အခါမှာ ငွေလွှဲသူများကနေပြီးတော့ ငွေတွေစုပြီး တဲ့အခါမှာ ပျောက်သွားတာမျိုးမဖြစ်ရလေအောင် ဒီနေရာ Security Deposit ခေါ်တဲ့ အာမခံငွေ ထားရှိခြင်းကိုလည်း ထည့်သွင်းထားပါတယ်။ ဒီအာမခံငွေကိုလည်း လိုအပ်သလို သူရဲ့လုပ်ငန်းပမာဏ ကြီးလာတာနှင့်အမျှ တိုးမြှင့်သွားနိုင်ဖို့အတွက် ကျွန်တော်တို့ အစီအစဉ်တွေလုပ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခြင်းအားဖြင့် ပြည်ပသို့ တရားမဝင်ငွေကြေးလွှဲပြောင်းမှုများ လျော့နည်းပပျောက်သွားမှာဖြစ်ကြောင်း ကျွန်တော် တင်ပြရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်းမေးပါရစေ။ ခုနတုန်းက ကျွန်မမေးခွန်းတင်ပြ သွားတဲ့ထဲမှာ Hundi ဆိုတဲ့ကိစ္စပါပါတယ်ရှင့်။ အခု ဗဟိုဘဏ်ကနေပြီးတော့ Hundi ကိစ္စနှင့်ပတ်သက် ပြီးတော့ အတိအကျရှင်းလင်းဖြေကြားသွားတာ ကျွန်မ မကြားရသေးပါဘူး။ ကျွန်မ အဓိက ဆက်စပ်မေးခွန်းမေးချင်တာကတော့ Hundi ဆိုပြီးတော့ လူအများအသုံးပြုနေတဲ့ တရားမဝင်ငွေလွှဲဖြတ်ပိုင်း ဝန်ဆောင်မှုလုပ်ငန်းကို အနော်ရထာလမ်းရန်ကုန်မှာဆိုရင် အများဆုံးပဲ ဒီလိုတွေကို ကျွန်မတို့ အမြန်ဆုံးကိုင်တွယ်ဖြေရှင်းဖို့လိုအပ်နေတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မမေးချင် တဲ့ဆက်စပ်မေးခွန်းက ဗဟိုဘဏ်အနေနဲ့ငွေကြေးခဝါချအနေနဲ့ရော ပူးပေါင်းပြီးတော့ ဘယ်လိုမူဝါဒ တွေချမှတ်ပြီးတော့ အမြန်ဆုံးပြဋ္ဌာန်းထားတဲ့တည်ဆဲဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူဆောင်ရွက် မယ်ဆိုတာ သိရှိလိုခြင်းအတွက်ကြောင့် ဆက်စပ်မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးမှ Hundi ကိစ္စနှင့်ပတ်သက်ပြီးမှ ဆက်စပ် မေးခွန်းအနေနဲ့မေးမြန်းတဲ့အပေါ်မှာ ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးဘိုဘိုငယ်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုဆက်စပ်မေးခွန်းမေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျား။ ဒါမျိုးက အတိအကျဖြေဖို့ လိုပါတယ်။ ဆိုတဲ့အခါကျတော့ ခုနက ကျွန်တော်တင်ပြသွားတဲ့အချက်မှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ အတွင်းမှာ ရေးဆွဲခဲ့တဲ့ဥစ္စာက ဒီ Hundi လုပ်ငန်းတွေကို တရားဝင်ဖြစ်လာအောင်၊ မြေပေါ်ရောက်လာ အောင်လုပ်ဖို့ လုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်တို့ စင်္ကာပူ ရောက်တဲ့အခါမှာ ပင်နီဆူလာပလာဇာ မှာဆိုရင် လက်ဖက်သုပ်ဆိုင်လေးတွေလို၊ မြန်မာကုမ္ပဏီတွေလို ရပ်တည်ပြီးတော့ Hundi လုပ်ငန်း လုပ်နေရတဲ့လူတွေရှိပါတယ်။ အဲဒီအခါမှာ ဒီလူတွေနဲ့ ကျွန်တော်တို့က ပွင့်ပွင့်လင်းလင်းမေးမြန်းတဲ့ အခါမှာ၊ ကျွန်တော်တို့နဲ့အတူသွားတဲ့အခါမှာ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့လည်းပါပါတယ်။ BSI

လည်းပါပါတယ်။ မေးတဲ့အခါမှာ သူတို့က သူတို့အနေနဲ့ လိုင်စင်လိုချင်တဲ့အကြောင်း ပြောပါတယ်။ မြို့ထဲမှာ တရားဝင်လုပ်ချင်တဲ့အကြောင်း ပြောပါတယ်။ တင်ပြကြပါတယ်။ အဲဒီအတွက် ကျွန်တော်တို့က တစ်ချိန်တည်းမှာပဲ ဆက်စပ်ပြီးတော့ စင်္ကာပူနိုင်ငံရဲ့ဗဟိုဘဏ်ဖြစ်တဲ့ Monetary Authority Service of Singapore မှာ ကျွန်တော်တို့ သွားပြီးတော့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့က အဓိကနှစ်ချက်ဆွေးနွေးခဲ့ပါတယ်။ (၁)က ဒီ Hundi လုပ်ငန်းတွေ ကျွန်တော်တို့အနေနဲ့ တရားဝင်လုပ်ပေးမယ်ဆိုရင် စင်္ကာပူက ဘယ်လိုကန့်သတ်ချက်တွေရှိပါသလဲ။ စင်္ကာပူ ဗဟိုဘဏ်ကဆွေးနွေးတဲ့ အချက်ကတော့ သူတို့တွေအနေနဲ့ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံဆိုတဲ့နိုင်ငံတွေမှာ ငွေလွှဲတဲ့လုပ်ငန်းတွေကို သူတို့ကတရားဝင်လိုင်စင်ပေးထားတာရှိပါတယ်။ သို့သော် ကျွန်တော်တို့ မြန်မာနိုင်ငံဘက်က တရားဝင်လာလျှောက်တာမရှိဘူးလို့ ဆိုပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဒီလုပ်ငန်းတွေကိုပြန်မေးတဲ့အခါမှာ လုပ်ငန်းတွေရဲ့ပြန်ဖြေတဲ့အချက်က စင်္ကာပူနိုင်ငံသားတွေကိုယ်တိုင် အနည်းဆုံးနှစ်ဦးပါရမယ်ဆိုတဲ့ စည်းကမ်းချက်တွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ မလျှောက်တာပါလို့ ပြောပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့က စင်္ကာပူနိုင်ငံဗဟိုဘဏ်နဲ့ ချက်ချင်းပြန်ဆွေးနွေးပါတယ်။ ဒီလိုမျိုးအခက်အခဲတွေရှိနေတယ်။ ကျွန်တော်တို့ဘက်က တရားဝင်လုပ်ပေးမယ်ဆိုရင် စင်္ကာပူဗဟိုဘဏ်က လျှော့ပေးနိုင်မလားဆိုမေးတော့ စင်္ကာပူဗဟိုဘဏ်က တစ်ချက်တည်း ပြောပါတယ်။ မြန်မာပြည်အတွက်ဆိုလျှော့ပေးပါမယ်။ ဆိုတော့ ကျွန်တော်တို့အနေနဲ့ စင်္ကာပူနိုင်ငံနဲ့ ညှိနှိုင်းထားပြီးသားအခြေအနေတွေရှိပါတယ်။

အဲဒီလိုပဲ ထိုင်းနိုင်ငံနှင့်လည်း ကျွန်တော်တို့ရှေ့ဆက်ပြီးတော့ ဆွေးနွေးခဲ့တာရှိပါတယ်။ သို့သော် ထိုင်းဘက်ကတော့ ဒီလောက်ပြတ်ပြတ်သားသား အခြေအနေမပြောနိုင်ပါဘူး။ အဲဒီအခါမှာ ကျွန်တော်တို့အနေနဲ့ ဆက်ပြီးတော့ ဘာလုပ်ခဲ့သလဲဆိုလို့ရှိရင် အဓိကကတော့ Financial Action Task Force စနစ်နဲ့ ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဒီငွေလွှဲလုပ်ငန်းတွေကို မြေပေါ်တရားဝင်ရောက်လာအောင် ကျွန်တော်တို့ အစီအစဉ်တွေလုပ်ခဲ့ပါတယ်။ အဲဒီအခါမှာ တစ်ခု သတိပြုစေချင်တဲ့အချက်က ကျွန်တော်တို့အမေရိကန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနက လက်ထောက်အတွင်းဝန်နှင့် ကျွန်တော်တို့တွေ့တဲ့အခါမှာ သူကဘာပြောသလဲဆိုတော့ ကျွန်တော်တို့ကို အမေရိကန်နိုင်ငံမှာ တရားဝင်လုပ်နေတဲ့ နိုင်ငံလုပ်ငန်းပေါင်း ၂၅၀၀၀ ရှိပါတယ်။ ဒါတွေကို သူတို့အရေးမယူနိုင်ပါဘူး။ အရေးလိုက်ယူနေလို့လည်း ဒီသေးသေးကွေးကွေးတွေနောက် မလိုက်နိုင်ပါဘူး။ ဆွေးနွေးသွားတဲ့အချက်က။ ဒါကြောင့်မို့လို့ သူက Hundi လုပ်ငန်းလုပ်တဲ့အခါမှာ လိုင်စင်ပေးလိုက်ရင်တော့ အကုန်လုံးမြေပေါ်ရောက်လာမယ်လို့တော့ မျှော်လင့်လို့မရပါဘူးနဲ့။ ဘယ်နိုင်ငံမှလည်း မျှော်လင့်လို့မရနိုင်ပါဘူး။ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့အနေနဲ့ကတော့ အဓိကအားဖြင့် ဘာရည်ရွယ်ချက်လဲဆိုလို့ရှိရင် ဒီလုပ်ငန်းတွေကို တရားဝင်ခွင့်ပြုလိုက်ခြင်းအားဖြင့် မြေပေါ်ရောက်သလောက်ရောက်လာမယ်၊ မြင်သင့်သလောက်မြင်ရမယ်။ ကျွန်တော်တို့အမြင်နဲ့ မျှော်လင့်တာကတော့ အခုချိန်မှာ ကျွန်တော်တို့ကို စုံစမ်းမေးမြန်းမှုတွေရှိနေပါတယ်။ ဒါတွေကို လိုင်စင်ဘယ်တော့ပေးမလဲဆိုတာ ကျွန်တော်တို့အနေနဲ့ အတော်အတန်ရောက်လာမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့အနေနဲ့ ဒီဟာပေါ်မှာ စနစ်တကျကြီးကြပ်ပြီးတော့ လုပ်သွားနိုင်ဖို့အစီအစဉ်ရှိပါတယ်။

**မူကြမ်း**

အခုဆိုရင် ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်မှာ ကျွန်တော်တို့ အပြီးသတ်ရေးဆွဲထားတဲ့ စည်းမျဉ်းမှာဆိုရင် ကျွန်တော်တို့ သတင်းပို့မှုဘယ်လိုလုပ်ရမယ်၊ တရားဝင် Hundi လုပ်မယ့်အရာကို ဘယ်လိုသတင်းပို့ရမယ်။ ဘယ်လိုအချက်အလက်တွေကို သိမ်းထားရမယ်။ အဲဒီလူတွေကို သူ့ရဲ့ဝန်ထမ်းတွေကို ဘယ်လိုသင်တန်းပေးရမယ်။ ပြီးရင် ကျွန်တော်တို့ ဗဟိုဘဏ်ကို နေ့စဉ်သတင်းပို့တာ ဘယ်လိုလုပ်ရမယ်။ အပတ်စဉ်သတင်းပို့တာ ဘယ်လိုလုပ်ရမယ်။ လစဉ်သတင်းပို့တာ ဘယ်လိုလုပ်ရမယ်ဆိုတဲ့ အစီအစဉ်တွေ အတိအကျပါပါတယ်။ ဒါတွေက အခုအချိန်မှာ ဆက်လက်ပြီးတော့ သက်ဆိုင်ရာကော်မတီနဲ့ နိုင်ငံတော်သမ္မတရုံးကိုတင်ပြထားဆဲဖြစ်ပြီးတော့ ရှေ့နေချုပ်ရုံးနှင့်ဆွေးနွေးပြီး အတည်ပြုချက်ရတဲ့အခါမှာ ကျွန်တော်တို့ ဒါဆက်ထုတ်သွားမှာဖြစ်ပါတယ်။

အဲဒီတော့ Hundi နဲ့ပတ်သက်လို့ ကျွန်တော်တို့ သတိထားပြီးတော့ ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါတယ်။ Hundi လုပ်ငန်းသည် အဓိကအားဖြင့် သတိထားရမည့်အချက်သည် တရားဝင်ငွေလွှဲတဲ့လုပ်ငန်းတွေကို ငွေကြေးခဝါချမှုဖြစ်လာနိုင်ပါတယ်။ နောက်တစ်ချက် အကြမ်းဖက်မှု ထောက်ပံ့တဲ့ အစီအစဉ်တစ်ခုကို အသုံးချတဲ့လူတွေဖြစ်လာနိုင်ပါတယ်။ အဲဒီတော့ ဒီဟာတွေကို ကျွန်တော်တို့က ဘယ်လိုကာကွယ်မလဲ၊ ဘယ်လိုတားဆီးမလဲ။ တကယ်လို့ မသင်ကာဖွယ်အချက်အလက်တွေတွေ့လို့ရှိရင် ကျွန်တော်တို့ Suspicious Transaction Report နောက်တစ်ခါ Suspicious Activity Report ဒီဟာတွေတွေ့လို့ရှိရင် ဘယ်လိုသတင်းပို့ရမယ်။ ဘယ်နှစ်နာရီအတွင်း သတင်းပို့ရမယ်ဆိုတာ ကျွန်တော်တို့ အတိအကျ ဆွေးနွေးထားပါတယ်။ ဒီစည်းမျဉ်းမှာထုတ်ပြန်ဖို့ရှိပါတယ်။ ဒီဟာကိုတော့ ကျွန်တော်တို့ ထုတ်ပြန်ပြီးတဲ့အခါမှာ ဆက်လက်ပြီးတော့လည်း ဘယ်လိုအကောင်အထည်ဖော်မယ်ဆိုတာ ကျွန်တော်တို့မှာ အစီအစဉ်ရှိပါတယ်။ ဒီဟာနှင့်ပတ်သက်လို့ ဘယ်လောက်အရေအတွက်ကျွန်တော်တို့ပေးမလဲ။ ဘယ်လိုအကောင်အထည်ဖော်မယ်။ ဘယ်လိုလေ့လာစောင့်ကြည့်သွားမယ်ဆိုတာကျွန်တော်တို့ စနစ်တကျဆွဲထားပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ခုနကတင်ပြသွားတဲ့ ဆွေးနွေးသွားတဲ့အချက်က Foreign Exchange Management Law မှာ တကယ်လက်တွေ့မြေပြင်မှာ ထိရောက်မှုအားနည်းတယ်ဆိုတာ ကျွန်တော်တို့ လက်ခံပါတယ်။ ဒီဟာကိုလည်းကျွန်တော်တို့အနေနဲ့ ဒါကိုပြင်ဆင်ဖို့ အချိန်မီထိရောက်အောင်လုပ်ဖို့ ခုနက အနော်ရထာလမ်းတစ်လျှောက်မှာရှိတဲ့ လေပတ်ကားရော၊ ရွှေပတ်ကားရော လုပ်နေတဲ့အလုပ်တွေရော ထိထိရောက်ရောက်အရေးယူနိုင်ဖို့ဆိုတဲ့ အချက်တွေက နိုင်ငံခြားငွေကြေးစီမံခန့်ခွဲမှုဥပဒေကို ပြုပြင်မှာပဲ ကျွန်တော်တို့ရပါမယ်။ အဲဒီအတွက်ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော်တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ⊞ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC) တို့အနေဖြင့် မည်သည့်မြို့နယ်များကို တာဝန်ယူလုပ်ကိုင်ပြီး မည်သည့်မြို့နယ်များကို Franchise တာဝန်ပေးအပ် လုပ်ကိုင်နေသည်ကို သိလိုခြင်း၊ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် Franchise၊ YESC နှင့် MESC တို့၏တာဝန်ယူ လုပ်ကိုင် နေသော ဓာတ်အားပျောက်ဆုံးမှုအခြေအနေစာရင်းများကို သိလိုခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှုများရှိနေခြင်းကြောင့် နိုင်ငံတော်**

**မူကြမ်း**

**ပြည်သူ့ဘဏ္ဍာငွေများနစ်နာမှုများ ဖြစ်ပေါ်နေ၍ ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းအောင် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်အတွင်းမှာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ကိုယ်စားလှယ်များကို အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ၂၂-၁-၂၀၁၉ ခုနှစ်တုန်းက၊ လွန်ခဲ့တဲ့တစ်ပတ်က လျှပ်စစ်ဝန်ကြီး ဌာနရဲ့ထုတ်ပြန်ထားတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုရာခိုင်နှုန်း ဖြစ်ပါတယ်။ စုစုပေါင်းက အခုရက်ပိုင်းမှာဆိုရင် မဂ္ဂါဝပ် ၃၀၀၀ ကျော် ထုတ်လုပ်နေပါတယ်။ နေပြည်တော်ဓာတ်အားသုံးစွဲမှု ကတော့ ၁၃၁.၁ မဂ္ဂါဝပ်၊ ရန်ကုန်တိုင်းဒေသကြီးကတော့ ၁၃၁၃ မဂ္ဂါဝပ်၊ မန္တလေးတိုင်းဒေသကြီး ကတော့ ၄၇၃ မဂ္ဂါဝပ်၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်တွေကတော့ ၁၃၄၈ မဂ္ဂါဝပ် သုံးစွဲနေပါ တယ်။ ဒါကတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိတဲ့ လျှပ်စစ်သုံးစွဲမှုရဲ့ရာခိုင်နှုန်းတွေပါ။ ADB ကနေ စာရင်းပြုစုပြီးတော့ ထုတ်ပြန်ထားတာပါ။ ဒီထဲမှာတော့ အနည်းအများတော့ အပြောင်းအလဲတွေ ရှိနိုင် ပါတယ်။ ရန်ကုန်ဆိုရင် လျှပ်စစ်အားလုံးထုတ်တာရဲ့ ၄၉.၈ ရာခိုင်နှုန်းကို ကျွန်တော်တို့ သုံးစွဲနေပါ တယ်။ မန္တလေးဆိုရင် ၁၇.၂ ရာခိုင်နှုန်းကို သုံးစွဲနေပါတယ်။ နေပြည်တော်ဆိုရင် ၅.၅ ကိုသုံးစွဲနေပါ တယ်။ ဒါကိုပြတယ်ဆိုတာ ဘာလို့ပြလဲဆိုတော့ ရန်ကုန်နှင့် မန္တလေးဟာ နှစ်ခုပေါင်းလိုက်ရင် လျှပ်စစ် ပမာဏအားလုံးထုတ်တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှာ နှစ်ခုမှာ တစ်ဝက်ကိုသုံးစွဲနေတယ် ဆိုတာသိစေချင်လို့ ကျွန်တော် ပြသခြင်းဖြစ်ပါတယ်။ ဒါကတော့ ADB ကနေ Distribution Loss ကို စာရင်းကောက်ယူထားတဲ့ ADB က တရားဝင်ဖော်ပြချက်ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်တုန်းကဆိုရင် ၂၁.၆ ရာခိုင်နှုန်းပျောက်ဆုံးနေပြီးတော့ ၂၀၀၈ ခုနှစ်ဆိုရင် ၂၂ ရာခိုင်နှုန်း။ ဒီတော့အားလုံး တဖြည်းဖြည်းနဲ့ ၂၀၁၃ ခုနှစ်အထိမှာ Loss ကို ၁၂.၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်တာကို တိတိကျကျ အင်တာနက်ပေါ်မှာ ဖော်ပြထားခြင်းကို ကျွန်တော် ပြသခြင်းဖြစ်ပါတယ်။ ဒါကတော့ Translation Loss ပါ။ Translation Loss ကတော့ အတိုင်းအတာတစ်ခုအထိ တော်တော်လျှော့ချနိုင်တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်မှာဆိုရင် ၄ ရာခိုင်နှုန်းအထိ လျှော့ချနိုင်တာကို တွေ့ရပါ တယ်။ Distribution Loss မှာနှစ်မျိုးရှိပါတယ်။ Technical Loss နှင့် Non-Technical Loss။ Technical Loss ကတော့ နည်းပညာအရ စက်ပစ္စည်းတွေနဲ့ Model တွေနဲ့သက်ဆိုင်ပြီးတော့၊ Non-Technical Loss ဆိုတာကတော့ လူတွေရဲ့အမှား သို့မဟုတ် မသမာမှုတွေ၊ ဝန်ထမ်းတွေရဲ့မသမာမှု တွေကြောင့် ကျွန်တော်တို့နိုင်ငံ ဒီလျှပ်စစ်ဆုံးရှုံးမှုဖြစ်ပေါ်နေတာပါ။ နောက်ပြီး ကျွန်တော်တို့နိုင်ငံဟာ လျှပ်စစ်ကို လျှပ်စစ်ဝန်ကြီးဌာနရဲ့ဘတ်ဂျက်တွေကို ကျွန်တော်တို့ နှစ်တိုင်းအရှုံးခံပြီးတော့ အခုဆိုရင် -- Subsidies လုပ်ပြီးတော့ ဘီလီယံ ၄၀၀ ကျော် တစ်နှစ်နဲ့တစ်နှစ် တက်တက်ပြီးလုပ်နေတာကို အဲဒါကြောင့် ကျွန်တော်တို့က Distribution မှာ Non-Technical Loss ကို ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့ ကြပ်ကြပ်မတ်မတ်နဲ့ဆောင်ရွက်ရင် တိုင်းပြည်အတွက် အခွန်သက်သာမှာဖြစ်ပါတယ်။ အဲဒါ ကြောင့်မို့လို့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ YESC၊ MESC တို့က မည်သည့်မြို့နယ်များကို

တာဝန်ယူလုပ်ကိုင်နေသည်ကို ကျွန်တော်သိရှိလိုပါတယ်။ မြို့နယ်တစ်မြို့နယ်ချင်းစီအလိုက် Franchise ရော၊ YESC ရော၊ MESC ရော တာဝန်ယူလုပ်ကိုင်နေသော ဓာတ်အားပျောက်ဆုံးမှု အခြေအနေစာရင်းကို ကျွန်တော် သိရှိလိုပါတယ်။ ဓာတ်အားပျောက်ဆုံးမှုများကြောင့် ကျွန်တော်တို့ နိုင်ငံတော်ပြည်သူ့ ဘဏ္ဍာငွေများ နစ်နာနေမှုဖြစ်ပေါ်နေသောကြောင့် လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် YESC၊ MESC Corporation များကို ဓာတ်အားပျောက်ဆုံးမှုနည်းအောင် မည်ကဲ့သို့စီမံဆောင်ရွက် နေသည်ကို သိရှိလို၍ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့်ရှင်းလင်းတင်ပြခွင့်ပြု ပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ YESC ကတာဝန်ယူပြီးဆောင်ရွက် နေတဲ့မြို့နယ်ပေါင်း ၄၂ မြို့နယ်နှင့် Franchise ကုမ္ပဏီများကဆောင်ရွက်တဲ့မြို့နယ်ပေါင်း ၁၅ မြို့နယ် ရှိပြီးတော့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ MESC ကတာဝန်ယူဆောင်ရွက်တဲ့မြို့နယ် ၁၄ မြို့နယ်နဲ့ Franchise ကုမ္ပဏီများကတာဝန်ယူဆောင်ရွက်တဲ့မြို့နယ်ပေါင်း ၂၀ မြို့နယ် တည်ရှိနေတာဖြစ်ပါ တယ်။ ရန်ကုန်နှင့် မန္တလေး ဓာတ်အားပေးရေးကော်ပိုရေးရှင်းများအနေနဲ့ ထိုမြို့နယ်အသီးသီးမှာ Franchise ကုမ္ပဏီတွေကနေပြီးတော့ တာဝန်ယူဆောင်ရွက်တဲ့မြို့နယ်တစ်ခုချင်းအလိုက် ဖြစ်ပေါ်နေ တဲ့ လအလိုက်ရဲ့ Losses စာရင်းများကို အသေးစိတ်တင်ပြထားတာဖြစ်ပါတယ်။ ဒါကလည်း လက်ကျန် မြို့နယ် Franchise ကုမ္ပဏီများက တာဝန်ယူတဲ့မြို့နယ်များရဲ့ Losses များကို တင်ပြထားတာဖြစ်ပါ တယ်။ ဒီ Power Point Slide ကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ YESC ကတာဝန်ယူတဲ့ မြို့နယ်အရှေ့ပိုင်းခရိုင်အတွင်းက မြို့နယ်များရဲ့ Losses များကို တင်ပြထားတာဖြစ်ပါတယ်။ ဒီ Power Point Slide ကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ YESC ကတာဝန်ယူသော အနောက်ပိုင်း ခရိုင်မှ မြို့နယ်တစ်ခုချင်းရဲ့လအလိုက် Losses များကို တင်ပြထားတာဖြစ်ပါတယ်။ ဒီ Power Point Slide ကတော့ ၂၀၁၈ ခုနှစ်အတွင်းမှာ YESC ကတာဝန်ယူတဲ့တောင်ပိုင်းခရိုင်အတွင်းမှာရှိတဲ့ မြို့နယ် တစ်ခုချင်းရဲ့ Losses များကို လအလိုက်တင်ပြထားတာဖြစ်ပါတယ်။ ဒီ Power Point Slide ကတော့ YESC ကတာဝန်ယူထားတဲ့ မြောက်ပိုင်းခရိုင်မှ မြို့နယ်တစ်ခုချင်းအလိုက်ရဲ့ Losses များကို တင်ပြ ထားတာဖြစ်ပါတယ်။ ဒီ Power Point Slide ကတော့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ Franchise ကုမ္ပဏီများက တာဝန်ယူထားတဲ့မြို့နယ်များတစ်ခုချင်းအလိုက်ရဲ့ လအလိုက် Losses များကို တင်ပြ ထားတာဖြစ်ပါတယ်။ Franchise ကုမ္ပဏီများရဲ့ Losses များပဲဖြစ်ပါတယ်။

**မူကြမ်း**

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ MESC က တာဝန်ယူတဲ့မြို့နယ်များတစ်ခုချင်းအလိုက်၊ လအလိုက်ရဲ့ Losses များကို တင်ပြထားတာဖြစ်ပါတယ်။ ရန်ကုန်နှင့် မန္တလေး လျှပ်စစ်ဓာတ်အားပေး ရေးကော်ပိုရေးရှင်းများရဲ့အုပ်ချုပ်မှုအောက်မှာရှိတဲ့ မြို့နယ်တစ်ခုချင်းတွေမှာ Losses တွေကျဆင်းဖို့ အတွက်ကို နည်းပညာဆိုင်ရာအရ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ဖို့ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနက စီမံကြီးကြပ်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းများကတော့ ၆၆ ကေဗွီဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံတွေကို ထပ်မံတိုးချဲ့တည်ဆောက်ခြင်းဖြစ်ပါတယ်။ အဆိုပါ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများတိုးချဲ့တည်ဆောက်နိုင်ခြင်းအားဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်းများကို လိုင်းတိုတိုနှင့် ဓာတ်အားပေးနိုင်ရင် Losses များကျဆင်းသွားမှာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ Bare Copper Conductor များအစားကို Insulated Wire များဖြင့် ပြောင်းလဲတပ်ဆင်ခြင်းဖြစ်ပါတယ်။ Bare Copper Conductor များသုံးတဲ့အခါမှာ လျှပ်စစ်ဓာတ်အားကို ခိုးယူအသုံးပြုလိုတဲ့သူများက အသုံး ပြုလိုချိန်မှာ ဝါးလုံးရှည်များဖြင့်  ဓာတ်ကြိုးကို ချိတ်ချိတ်ပြီးတော့ တိုက်ရိုက်ခိုးယူသုံးစွဲတဲ့အတွက် ကြောင့် Insulated Wire များနှင့် လဲလှယ်တပ်ဆင်ရန် မသမာမှုများနှင့် မီးခိုးသုံးခြင်းများကို ကာကွယ်နိုင်ရန် ဖြစ်ပါတယ်။ ဝန်အားပြည့်နေတဲ့ထရန်စဖော်မာများကို ဝန်အားလျှော့ချနိုင်ရေး အတွက်ကို ထရန်စဖော်မာများတိုးချဲ့တပ်ဆင်ခြင်းနှင့် လိုအပ်ပါက တပ်ဆင်အင်အားပိုကြီးတဲ့ ထရန်စဖော်မာများနှင့် အစားထိုးလဲလှယ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်အားတွေ တအားများလာလို့ရှိရင် Losses ရာခိုင်နှုန်း ပိုမိုလာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ သွင်မစုံတဲ့ ၄၀၀ ဗို့လိုင်းကြိုးများကို သွင်စုံအောင်ဖြည့်စွက်သွယ်တန်း ခြင်းဖြစ်ပါတယ်။ ပုံမှန်အားဖြင့် လမ်းတစ်လမ်းထဲကို ၄၀၀ ဗို့လိုင်းတွေတည်ဆောက်မယ်ဆိုရင် ဝါယာကြိုး ငါးကြိုးတည်ဆောက်ကြရမှာဖြစ်ပါတယ်။ အခြေအနေအရ ငွေရေးကြေးရေးမပြည့်စုံတဲ့ ကာလတွေမှာ အနည်းဆုံးမီးလင်းရေးကိုဦးစားပေးပြီးတော့ နှစ်ကြိုးထဲဆောက်ခဲ့ရတာ၊ သုံးကြိုးထဲ ဆောက်ခဲ့ရတာတွေကို လေးကြိုးပြန်ဖြစ်အောင်၊ ငါးကြိုးပြန်ဖြစ်အောင်တည်ဆောက်နိုင်မှသာ Losses တွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဗို့အားကျဆင်းနေတဲ့နေရာတွေမှာ ဗို့အား ပြည့်ဝစွာရရှိရန်အတွက် ထရန်စဖော်မာများကို အလုံးတွေခွဲပြီး ထပ်မံတပ်ဆင်ခြင်းဖြစ်ပါတယ်။ ဥပမာ အားဖြင့် မူလက ၅၀၀ ကေဗွီတစ်လုံးထဲကနေ ဓာတ်အားပေးနေတဲ့နေရာတွေနေရာမှာ ၂၀၀ ကေဗွီအေ သုံးလုံးကို အစားထိုးတပ်ဆင်ခြင်းအားဖြင့် ထရန်စဖော်မာတွေကို နေရာဖြန့်ခွဲတပ်ဆင်လိုက်တဲ့အခါမှာ ၄၀၀ ဗို့ဓာတ်အားလိုင်းတွေရဲ့အရှည် လျော့ကြသွားရင် Losses တွေပိုမိုလျှော့ချနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ Analogue Meter တွေအစား Unit ကိုတိတိကျကျဖတ်နိုင်တဲ့မီတာ များနဲ့ အစားထိုးတပ်ဆင်ခြင်းဖြစ်ပါတယ်။ သက်တမ်းကြာနေပြီးတော့ ဝန်အားမနိုင်တော့တဲ့လိုင်းကြိုး များနေရာမှာ Insulated Wire အသစ်များနဲ့အစားထိုးလဲလှယ်တာဖြစ်ပါတယ်။ ဝန်အားများလာတဲ့ အခါမှာ လိုင်းကြိုးတွေအပေါ်မှာ Losses တွေပိုမိုများပြားစွာဖြစ်ပေါ်လို့ဖြစ်ပါတယ်။ နောက်တစ်ခုက လိုင်းကြိုးနဲ့မလွတ်ကင်းတဲ့သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းကိုဆောင်ရွက်ပါမယ်။ လူဖြင့်မီတာကိုဖတ်ခြင်းအစား Hand Held Unit စက်များဖြင့်ဖတ်ခြင်းများကို ပြောင်းလဲဆောင်ရွက် ရန် စီစဉ်လျက်ရှိပါတယ်။ လိုင်းအလျားရှည်တဲ့အတွက်ကြောင့် ဗို့အားကျဆင်းနေတဲ့နေရာများမှာ

ထရန်စဖော်မာများကို တိုးချဲ့တည်ဆောက်ပေးခြင်းနဲ့ ဓာတ်အားလိုင်းကြိုးများရဲ့ကြိုးအရွယ်အစား များသေးနေတဲ့နေရာတွေမှာ အရွယ်အစားအကြီးများနဲ့ လဲလှယ်တပ်ဆင်ခြင်းများကို ဆောင်ရွက် လျက်ရှိပါတယ်။

ထို့အပြင် ၆၆ ကေဗွီလိုင်းနှင့် ၃၃ ကေဗွီလိုင်းရဲ့ Losses များကို လျှော့ချနိုင်ရန်အတွက် ၂၃၀ ကေဗွီဗို့အားမြင့် ပင်မဓာတ်အားခွဲရုံကြီးများကို လိုအပ်သည့်နေရာများမှာ တိုးချဲ့တည်ဆောက်ခြင်း များကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ မသမာသူများက ခိုးယူသုံးစွဲတဲ့ တရားမဝင် ခိုးယူသုံးစွဲမှုများ ကိုလည်း စစ်ဆေးဖော်ထုတ်ပြီးတော့ ဒဏ်ရိုက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ရပ်ပျက်နေ့ မီတာများဖော်ထုတ်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းသုံးထရန်စဖော်မာများကို တည်ဆောက်တပ်ဆင်တဲ့အခါမှာ စက်မှုသုံးမော်တာများကြောင့် Power Factor ညံ့ဖျင်းမှုဖြစ်ပေါ်စေတာ Losses များဖြစ်ပေါ်လာတဲ့ အတွက်ကြောင့် Capacitor Bank များ တပ်ဆင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် Franchise ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်ရာမှာလည်း ဓာတ်အားဖြန့်ဖြူးမှု စနစ်တိုးတက်ကောင်းမွန်လာစေမယ့် ရေတိုစီမံချက်နဲ့ တိုးတက်တောင်းခံလာတဲ့ဓာတ်အားလိုအပ်ချက် ကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းပေးနိုင်ရန်အတွက် System Development Plan တို့ကိုလည်း ချမှတ်ဆောင်ရွက်စေခြင်း၊ ဓာတ်အားပျောက်ဆုံးမှုလျှော့ချရေးအစီအမံနဲ့ လိုအပ်တဲ့လျာထားဘတ်ဂျက် ငွေကို Franchise ကုမ္ပဏီတို့က စီမံချက်ရေးဆွဲစေခြင်းတို့ကိုလည်း ဆောင်ရွက်စေလျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မြို့နယ်အသီးသီးမှာ ဓာတ်အားပျောက်ဆုံးမှုလျော့ချရေးလျာထားချက်များကို သတ်မှတ်ပြီး လျှော့ချဆောင်ရွက်စေလျက်ရှိပြီးတော့ လုပ်ငန်းပြီးစီးမှုအခြေအနေကို ခရိုင်၊ မြို့နယ်၊ လျှပ်စစ်မန်နေဂျာများက ကွင်းဆင်းစစ်ဆေးခြင်း၊ Management Level များက အခါအားလျော်စွာ စစ်ဆေးခြင်းနဲ့ ရုံးချုပ်က လစဉ်လုပ်ငန်းတိုးတက်မှုအခြေအနေများကို သုံးသပ်စစ်ဆေးကြပ်မတ်ခြင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြီးတော့ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြီးခဲ့တဲ့ စနေ နေ့မှာပဲ YESC ရုံးချုပ်မှာ ပြည်ထောင်စုဝန်ကြီး ကြီးကြပ်ပြီးတော့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်းလက်အောက်မှာရှိတဲ့၊ မြို့နယ်အသီးသီးမှာရှိတဲ့ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ ကို အစီရင်ခံတင်ပြစေပြီးတော့ လိုအပ်တဲ့အစီအမံတွေ၊ ဆက်လက်ဆောင်ရွက်မယ့်အစီအစဉ်တွေကို ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို အခုလို ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်ကို အရမ်းကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ်တည်းမေးချင်တာကတော့ ဝန်ကြီးအနေနဲ့ ကျွန်တော်ခုနကမေးကတည်း က Technical Loss နဲ့ Non-Technical Loss ဆိုပြီးနှစ်ပိုင်းရှိပါတယ်။ Technical Loss ဆိုတာ ကတော့ ဝန်ကြီးရှင်းပြတဲ့အတိုင်း ထရန်စဖော်မာတို့၊ ကြိုးလိုင်းတွေတို့ ပြုပြင်ရင်ကောင်းသွားနိုင် တယ်။ ဒါပေမဲ့ Non-Technical Loss ဆိုတာကတော့ ဝန်ထမ်းတွေရဲ့မသမာမှုတွေကြောင့် ဖြစ်နေ တာပေါ့နော်။ ဥပမာကြည့်မယ်ဆိုရင် YESC မှာ ဒလတို့၊ သုံးခွတို့ အုတ်ကန်ဆိုရင် ၂၀ ရာခိုင်နှုန်းထိကို

ဓာတ်အားပျောက်ဆုံးမှုတွေဖြစ်နေပါတယ်။ အဲဒါဆိုရင် ကျွန်တော်သိချင်ပါတယ်။ Non-Technical Loss ကဘယ်လောက်နဲ့ဖြစ်နေတာလဲ။ Technical Loss ကဘယ်လောက်နဲ့ဖြစ်နေတာလဲ။ ကျွန်တော်တို့ Non-Technical Loss ဆိုတာ အုပ်ချုပ်မှု(Management) တစ်ခုခုမှားယွင်းနေလို့ ဖြစ်ပေါ်တာပါ။ ဝန်ကြီးအနေနဲ့ လူကြောင့်ဖြစ်တဲ့ Non-Technical Loss ကို ဘယ်လိုဒီ့ထက်ကြပ်မတ်ပြီး ဆောင်ရွက်အုံးမလဲဆိုတာ သိချင်ပါတယ်။ MESC မှာဆိုလည်း ၂၀ ရာခိုင်နှုန်းကျော်နေတဲ့ ကျောက်ပန်းတောင်းမြို့တို့ ရှိနေပါတယ်။ ဒီပျောက်ဆုံးမှုတွေဟာ ကျွန်တော်တို့နိုင်ငံတော်အတွက် ဝင်ငွေဆုံးရှုံးမှုတွေ အများကြီးနစ်နာပါတယ်။ အဲဒါကြောင့်မို့လို့ ဝန်ကြီးအနေနဲ့ဒါကို ဘယ်လိုဆက်လုပ်မလဲဆိုတာသိချင်တဲ့အတွက် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်းပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ သုံးခွ၊ ခရမ်း၊ ဒလ စတဲ့ မြို့နယ်တွေမှာ ဓာတ်အားပျောက်ဆုံးမှုများပြားနေရတဲ့အနေအထားဆိုတာ အဆိုပါမြို့နယ်များကို လျှပ်စစ်ဓာတ်အားပို့လွှတ်တဲ့ ပင်မဓာတ်အားခွဲရုံနဲ့ အလွန်အလှမ်းကွာဝေးတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဥပမာ-ခရမ်း၊ သုံးခွဆိုလို့ရှိရင် လျှပ်စစ်ဓာတ်အားပေးတဲ့ ပင်မပင်ရင်းနေရာဟာ သန်လျင် ၂၃၀ ကေဗွီပင်မဓာတ်အားခွဲရုံကို တည်နေရာကနေ သုံးခွနဲ့ခရမ်းကို လျှပ်စစ်ဓာတ်အားပေးရတာဖြစ်ပါတယ်။ အဲဒီလိုပေးတဲ့အတွက်ကြောင့် သုံးခွနဲ့ ခရမ်းမြို့နယ်ရဲ့ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုကို ဝန်ကြီးဌာနအနေနဲ့ တွက်ချက်တဲ့အခါမှာ သန်လျင်ပင်ရင်းကနေ ပို့လွှတ်လိုက်သမျှအားလုံးပမာဏထဲကနေပြီးတော့ သုံးခွနဲ့ ခရမ်းမှာရောင်းချလိုက်ရတဲ့ယူနစ် ကြားထဲကကွာဟချက်အားလုံးဟာ ခရမ်း၊ သုံးခွရဲ့ ဓာတ်အားပျောက်ဆုံးမှုပဲဖြစ်ပါတယ်။ တင်ပြချင်တဲ့အချက်က ခရမ်းနဲ့ သုံးခွဧရိယာနယ်ပယ်ထဲရောက်မှ တွက်ချက်တာမဟုတ်ဘဲ ပင်မနေရာကနေ စတွက်တဲ့အတွက်ကြောင့် အဝေးကြီး၊ ဓာတ်အားလိုင်းအရှည်ကြီးအပေါ်မှာ ပျောက်ဆုံးမှုတွေကို တွက်ချက်တယ်ဆိုတာလေးကို တင်ပြလိုတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အဲဒီပျောက်ဆုံးမှုထဲမှာ Technical Losses ကဘယ်လောက်လဲ။ Non-Technical Losses ကဘယ်လောက်လဲဆိုတဲ့ ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်ရင်တော့ အဲဒီလိုမျိုးအတိအကျ ဒီထဲမှာ Technical Losses က ၅၀ ရာခိုင်နှုန်းပါ၊ Non-Technical Losses က ၅၀ ရာခိုင်နှုန်းပါလို့ ကမ္ဘာမှာဖြေဆိုနိုင်မယ့်အခြေအနေတော့ မရှိသေးပါဘူး။ အဲဒီတော့ ကျွန်တော်တို့လုပ်နိုင်တာက Technical Losses လည်းလျှော့ချရမယ်။ Non-Technical Losses လည်း လျှော့ချရမယ့်အနေအထားလည်း ဖြစ်ပါတယ်။ Non-Technical Losses မှာ ဝန်ထမ်းများကြောင့်ဆိုတဲ့ အသုံးအနှုန်းလေးပါပါတယ်။ ဝန်ထမ်းများကြောင့်ဆိုတဲ့အခြေအနေကို မဖြစ်နိုင်ဘူးလို့ ပြတ်ပြတ်သားသားမငြင်းလိုပါဘူး။ သို့သော်လည်း ဝန်ထမ်းများကြောင့်ချည်းပဲ သက်သက် Non-Technical Losses ဖြစ်နေတယ်ဆိုတာတော့မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီလျှပ်စစ်ဓာတ်အား Non-Technical Losses ကို စက်မှုလုပ်ငန်းရှင်က ခိုးယူပြီးသုံးချင်တဲ့အခါမှာ ဝန်ထမ်းနှင့်ဖြစ်စေ၊ ဝန်ထမ်းမဟုတ်သောပုဂ္ဂိုလ် ကိုဖြစ်စေ အခကြေးငွေပေးပြီးတော့ ခိုင်းစေတာဖြစ်ပါတယ်။ ဒီအခါမှာ

အဂတိတရားကဲ့သို့ပဲ ဘယ်သူ ကလာဘ်ပေးတာလဲဆိုတဲ့ဟာမျိုးလိုပဲ စဖြစ်လာပါတယ်။ အဲဒီတော့ ဥပမာတစ်ခုကိုတင်ပြရရင် ပြီးခဲ့တဲ့ နှစ်ပတ်သုံးပတ်က လှိုင်သာယာမှာရှိတဲ့ စက်မှုလုပ်ငန်း တစ်ခုကို ကျွန်တော် Surprise သွားပြီး စစ်ခိုင်းတယ်။ စစ်ခိုင်းလိုက်တဲ့အခါမှာ ခိုးယူသုံးစွဲနေမှုကို မိပါတယ်။ မိတဲ့အချိန်မှာ စက်မှုလုပ်ငန်းရှင် ဘက်ကတော့ သူမလုပ်ပါဘူးပဲငြင်းပါတယ်။ သို့သော် သက်သေ၊ သာကာရအထောက်အထားများနှင့် ကျွန်တော်တို့ စစ်ဆေးဖော်ထုတ်နိုင်ပြီးတော့ ဒဏ်ကြေး ငွေသိန်း ၂၀၀၀ ကနေ ၂၅၀၀ ကြားအထိ ဒဏ်ကြေးကောက်ခံရတဲ့အနေအထားကို ကျရောက်လာပါ တယ်။ အဓိကအားဖြင့်ပြောရလို့ရှိရင် မီးသုံးစွဲသူတွေကိုယ်တိုင်က မိမိသုံးစွဲလိုက်တဲ့လျှပ်စစ်ကို ချိုချိုသာသာ သုံးစွဲနေရသည့်တိုင် ကိုယ်ကျိုးစီးပွားအတ္တတွေအတွက်ကို ဒီလိုလျှပ်စစ်တွေခိုးယူသုံးစွဲနေသမျှ ကာလ ပတ်လုံး Non-Technical Losses ဆိုတာကို ကျွန်တော်တို့ ဆက်လက်ရင်ဆိုင်နေကြ ရအုံးမှာဖြစ်ပါ တယ်။ သို့သော်လည်း ဒီဟာအတွက်ကို ဖိဖိစီးစီးစစ်ဆေးဖော်ထုတ်ဖို့ စီမံချက်တွေ လည်း ဆောင်ရွက် လျက်ရှိပါတယ်။ တွေ့ရှိတဲ့ အခါမှာလည်းပဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ တွက်ချက်ပြီးတော့၊ ဒဏ်တွေရိုက်ပြီးတော့ နောက်ထပ် ဒါတွေမဖြစ်လာအောင် ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။ ပထမ တစ်ကြိမ်မှာ ဒဏ်ရိုက်တယ်။ ဒုတိယ တစ်ကြိမ်ထပ်မံဖြစ်ပေါ်လို့ရှိရင်လည်း ဒီ့ထက်ပိုပြီးဒဏ်ရိုက်ပြီး တတိယအကြိမ် ထပ်မံကျူးလွန်တဲ့ကိစ္စ ရပ်ပေါ်ပေါက်လာလို့ရှိရင် နောင်ဘဝတစ်သက်တာ တစ်လျှောက်လုံး လျှပ်စစ်ဓာတ်အားပေးမှုကနေ လုံးဝဖြတ်တောက်ခံရမှာ ဖြစ်ပါတယ်။ သုံးခွနဲ့ ခရမ်း တို့ကို ဓာတ်အားပေးလိုင်းတွေ သန်လျင်ကနေ ပေးနေရလို့ အရမ်းကွာဝေး နေတဲ့အခြေအနေမျိုးကို ပြေလည်စေနိုင်ဖို့အတွက် ကျွန်တော့်ရဲ့ပထမ ကနဦးဖြေကြားချက်မှာ ပါရှိသကဲ့သို့ ၂၃၀ ကေဗွီပင်မ ဓာတ်အားခွဲရုံကို နီးစပ်တဲ့နေရာနားမှာ တည်ဆောက်ရန် လိုအပ်တယ် ဆိုတာလေးကို လေ့လာပြီးတော့မှ ခရမ်းမြို့နယ်အတွင်းမှာ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံအသစ် တည်ဆောက်နိုင်ရန်မြေနေရာ ရှာဖွေပြီးတော့ ရှေ့လာမယ့်နှစ်များမှာ အကောင်အထည်ဖော် တည်ဆောက်သွားခြင်းအားဖြင့် သုံးခွနှင့် ခရမ်းတို့ရဲ့ Technical Losses တွေကို လျှော့ချနိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ Non-Technical Losses တွေ လျှော့ချ နိုင်ရေးနဲ့ပတ်သက်ပြီးတော့ အခု အသစ်ထပ်မံတပ်ဆင်တဲ့ မီတာတွေမှာဆိုရင် ခိုးယူသုံးစွဲမှုပုံစံအလိုက် မည်သည့်ပုံစံနဲ့ခိုးယူသုံးစွဲထားတယ်ဆိုတဲ့ဟာကို အချက်ပြ ဖော်ထုတ်ပေးတဲ့ မီတာစနစ်တွေကို ပြောင်းလဲကျင့်သုံးနေပါတယ်။ ထိုသို့ကျင့်သုံးခြင်းအားဖြင့် မီတာသွားဖတ်လိုက်တဲ့အချိန်မှာ မီတာမှာ လင်းနေတဲ့ Error Code လို့ခေါ်တဲ့ အမှတ်(၁)ကဆိုရင် ဒီအိမ်မှာ ဘယ်လိုပုံစံနဲ့မီးခိုးတယ်။ အမှတ်(၂) မီးလင်းနေလို့ရှိရင် ဘယ်လိုပုံစံနဲ့မီးခိုးတယ်ဆိုတဲ့ မီးခိုးမှုပုံစံအသီးသီးကို ဖော်ထုတ်နိုင်မယ့်စနစ်ကို ပြောင်းလဲဆောင်ရွက်နိုင်ရင် Non-Technical Losses တွေကို လျှော့ချလာခိုင်းမှာ ဖြစ်ပါတယ်။ အဆိုပါနည်းလမ်းများဖြင့် Technical Losses ရော၊ Non-Technical Losses တွေရောကို ကြိုးပမ်း ပြီးတော့ လျှော့ချဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ထပ်မံရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောင်းကုန်းမြို့နယ်အတွင်းရှိကျေးရွာများ လျှပ်စစ်မီးပုံ့နှံ့စွာရရှိစေရန် မြို့နယ်နှင့်ဆက်သွယ်သည့် ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့ချိတ်ဆက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးပုံ့နှံ့စွာရရှိရန် မြို့နယ်နှင့်ဆက်သွယ်သည့် ကားလမ်းမကြီးများပေါ်ရှိ ၁၁ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့ချိတ်ဆက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကျောင်းကုန်းမြို့နယ်မှာ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာခွဲပေါင်း ၄၁၆ ရွာရှိရာမှာ မဟာဓာတ်အားလိုင်းရရှိတဲ့ကျေးရွာများမှာ ၁၈ ရွာသာရှိခဲ့ပြီးတော့ အဲဒီကျေးရွာများအနေနဲ့ လျှပ်စစ်မီးဆွဲခွင့်ကို ခွင့်ပြုချက်ရရှိပြီးတော့ ကိုယ်ထူကိုယ်ထငွေကြေးသုံးစွဲပြီး ဆောင်ရွက်ခဲ့ခြင်းမျှသာဖြစ်ပါတယ်။ ဒီကနေ့မှာတော့ NEP အစီအစဉ်နဲ့ နှစ်မိုင်အတွင်းကျေးရွာငါးရွာမှာလည်း မြို့နှင့်ဆက်စပ်တဲ့ မြို့အဖျားကျေးရွာများသာဖြစ်ပါတယ်။ ကျေးလက်ဖွံ့ဖြိုးမှုဦးစီးဌာနအစီအစဉ်နှင့် ကျေးရွာများကို ဆိုလာစနစ်ဖြင့် မီးရရှိအောင်ဆောင်ရွက်ပေးခဲ့တဲ့နေရာမှာလည်း ယခင်ဆောင်ရွက်ခဲ့တဲ့ကျေးရွာ ၃၂ ရွာကလည်း ဆိုလာစနစ်များက အဆင်မပြေပါဘူး။ ယခု NEP နှင့် ICP-1 ၁၄ ရွာ၊ ICP-2 သုံးရွာတို့အား ဆိုလာစနစ်ဖြင့် တပ်ဆင်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ခုနှစ် စီမံကိန်းရဲ့ဆွေးနွေးပွဲမှာ ဝန်ကြီးဌာနအနေနဲ့ ဖြေထားတာကတော့ ကျောင်းကုန်းမြို့နယ်အတွင်း ကျေးရွာ ၄၁၆ ရွာမှ ကျေးရွာ ၂၀ မှာ ဓာတ်အားစနစ်နဲ့ဖြစ်ပြီးတော့ အခြားနည်းလမ်းဖြင့် ၉၈ ရွာ စုစုပေါင်း ၁၁၈ ရွာ ဆိုပြီးတော့ လျှပ်စစ်ရရှိတယ်ဆိုပြီးတော့ ဖြေကြားထားပါတယ်။ အမှန်တကယ်အနေနဲ့ကတော့ ကျောင်းကုန်းမြို့နယ်အနေနဲ့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို ခု NEP အပါအဝင် ၂၃ ရွာ၊ ဆိုလာစနစ်ဖြင့် ၄၉ ရွာ မီးလင်းပြီးကျေးရွာပေါင်း ၇၂ ရွာဖြစ်ပြီးတော့ မီးလင်းရန်ကျန်တဲ့ကျေးရွာက ၃၄၄ ရွာရှိပါတယ်။ မီးရရှိတဲ့ရာခိုင်နှုန်းကိုတွက်မယ်ဆိုရင်တော့ တစ်မြို့နယ်လုံးမှာ ၁၇.၃ ရာခိုင်နှုန်းဖြစ်တဲ့အတွက်ကြောင့် အင်မတန်မှ လျှပ်စစ်ဓာတ်အားက နည်းပါးပါသေးတယ်။ မီးမရရှိတဲ့ရွာက ၈၂.၇ ရာခိုင်နှုန်းရှိနေပါတယ်။ မြို့နဲ့ဝေးလံတဲ့ကျေးရွာများမှာဆိုရင် လျှပ်စစ်ဓာတ်အားရရှိဖို့ အလွန်ခက်ခဲပါတယ်။ ကိုယ်ထူကိုယ်ထငွေကြေးစနစ်နဲ့လည်း မဆောင်ရွက်နိုင်ပါဘူး။ လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့လည်း မြို့နယ်နှင့်ဆက်စပ်တဲ့ကားလမ်းမကြီးများပေါ်မှာ တကယ်လို့ ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းများကို ချိတ်ဆက်ပေးမယ်ဆိုရင်တော့ အဲဒီကြိုးများမှတစ်ဆင့် ကျေးရွာများမှာ ချိတ်ဆက်သွယ်ယူခြင်းဖြင့် လျှပ်စစ်မီးကို အလွယ်တကူရရှိနိုင်မှာဖြစ်ပါတယ်။

မြို့နဲ့ဆက်သွယ်တဲ့ ကျောင်းကုန်း-ဒါးကကားလမ်းကို ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းတပ်ဆင်ပေးမယ်ဆိုရင် အဲဒီမှာရှိတဲ့ကွမ်းခြံကုန်း၊ ရင်ဆိုင်၊ သဲခုံ၊ လှည်းဆိပ်၊ လက်ပံချောင်း၊ ဂုံမင်း၊ ဇီးချောင်း၊

မြိုက်ကြီးကျေးရွာအုပ်စုများက မီးလင်းသွားမှာဖြစ်ပါတယ်။ အဲဒီလမ်းတောက်လျှောက်မှာကြည့်မယ်ဆိုရင် ကန်ကလေးကျေးရွာတစ်ရွာသာ ကိုယ်ထူကိုယ်ထမီးလင်းခဲ့ပြီးတော့ ဒီနှစ်မှာတော့ လှည်းဆိပ်ရွာက တိုင်းဒေသကြီးအစိုးရဘတ်ဂျက်နဲ့ လာမယ်ဆိုပြီးတော့ သိရှိရပါတယ်။ အဲဒီတော့ ကျောင်းကုန်း-အိမ်မဲကားလမ်းမှာကြည့်မယ်ဆိုလို့ရှိရင်လည်း ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းကို တပ်ဆင်မယ်ဆိုရင် မိုးပြာ၊ မင်းမနိုင်၊ ကောက်ကြီးကုန်း၊ ဖုန်းဆိုး၊ ကျားကိုက်ချောင်း၊ ထောက်ရှာ၊ ချောင်းကြီး၊ ရှမ်းရွာ၊ ဘုရားကြီးကုန်းစတဲ့ကျေးရွာအုပ်စုများနှင့် ဆက်စပ်တဲ့ကျေးရွာများကို မီးလင်းမှာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ အဲဒီလမ်းမှာ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ချထားမယ်လို့သိရှိရပါတယ်။

အဲဒီတော့ ကျောင်းကုန်း-ကျုံပျော်ကားလမ်းကိုကြည့်မယ်ဆိုရင်လည်း ၁၁ ကေဗွီတပ်မယ်ဆိုရင် အဲဒီမှာရှိတဲ့ မိုးမခ၊ ရွာသာကုန်း၊ ကျောင်းအိုင်၊ အစုကြီး အဲဒီမှာဆက်စပ်တဲ့ကျေးရွာများ မီးလင်းသွားမှာဖြစ်ပါတယ်။ အဲဒီလမ်းတောက်လျှောက်ကြည့်မယ်ဆိုရင်လည်း ဝက်ချောင်းကျေးရွာအုပ်စုတစ်ခုသာ ကိုယ်ထူကိုယ်ထမီးလင်းပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျောင်းကုန်း-သုံးဂွကားလမ်းကို တစ်ခါ ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်း တပ်ဆင်ပေးမယ်ဆိုရင် မကျီးပင်ကွင်း၊ ပန်းတောရိုး၊ လူသန့်ချောင်း၊ ဝက်ခြံဂရက်ကျေးရွာအုပ်စုများနှင့် ဆက်စပ်တဲ့ကျေးရွာများကို လျှပ်စစ်ဓာတ်အားရရှိသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျောင်းကုန်းမြို့နယ်အနေနဲ့ကတော့ ကျောင်းကုန်း-ကွင်းကြီးလမ်းမှာတော့ ကျွန်တော်တို့ကျေးရွာများကတော့ ကိုယ်ထူကိုယ်ထစနစ်နဲ့ဆောင်ရွက်တဲ့အတွက်ကြောင့် အဲဒီလမ်းမကြီးကတော့ မီးလင်းပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးခွန်းမေးလိုတာကတော့ ကျောင်းကုန်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများ လျှပ်စစ်မီးပျံ့နှံ့စွာရရှိစေဖို့အတွက် မြို့နယ်နှင့်ဆက်သွယ်ထားသည့် ကားလမ်းမကြီးများပေါ်၌ ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းများတိုးချဲ့ချိတ်ဆက်ပြီးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ကျောင်းကုန်း-ဒါးက ကားလမ်းမကြီးဘေးမှာရှိတဲ့ ကွမ်းခြံကုန်း၊ ရင်ဆိုင်နှင့် သဲကုန်းစတဲ့ ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လက်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်း ရောက်ရှိပြီးဖြစ်သော ကျောင်းကုန်းတံတားကနေပြီးတော့ ၁၁ ကေဗွီဓာတ်အားလိုင်း ၅.၉၇ မိုင် တည်ဆောက်သွားရမှာဖြစ်ပါတယ်။ လှည်းဆိပ်ကျေးရွာအုပ်စုမှာရှိတဲ့ ရွာသစ်၊ လှည်းဆိပ်၊ အုန်းပင်စုနှင့်မာလာကွင်းစသည့်ကျေးရွာလေးရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်း

သုံးမိုင်ကိုတည်ဆောက်ပြီးတော့ ထိုနေရာမှတစ်ဆင့် နောက်ထပ် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၈.၈၉ မိုင် ဆက်လက်တည်ဆောက်မှသာ လက်ပံချောင်း၊ ဂုံမင်း၊ ဇီးချောင်း၊ ပြိုက်ကြီးစတဲ့ ကျေးရွာလေးရွာကို ဓာတ်အားရရှိမှာဖြစ်ပါတယ်။

ကျောင်းကုန်း-အိမ်မဲကားလမ်းမကြီးဘေးမှာရှိတဲ့ ကျောင်းကုန်းမြို့နယ်အတွင်းက မိုးပြာ၊ မင်းမနိုင်၊ ကောက်ကြီးကုန်း၊ ဖုန်းဆိုး၊ ကျားကိုက်ချောင်း၊ ထောက်ရှာ၊ ချောင်းကြီးနှင့်ရှမ်းရွာစတဲ့ ကျေးရွာရှစ်ရွာကို လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ ၁၁ ကေဗွီဓာတ်အားလိုင်း ရှစ်မိုင်တည်ဆောက်ပြီး ၎င်းမှတစ်ဆင့် ၁၁ ကေဗွီဓာတ်အားလိုင်း နောက်ထပ်ငါးမိုင် ဆက်လက်တည်ဆောက်နိုင်မှသာ အိမ်မဲမြို့နယ်အတွင်းမှာရှိတဲ့ ဘုရားကြီးကုန်းကျေးရွာဟာ လျှပ်စစ်ဓာတ်အားရရှိနိုင်မှာဖြစ်ပါတယ်။

ကျောင်းကုန်း-ကျုံပျော် ကားလမ်းမကြီးဘေးမှာရှိတဲ့ မိုးမခအုပ်စုကျေးရွာဟာ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ ပထမအဆင့်မှာ ထည့်သွင်းလျာထားပြီးဖြစ်၍ စီမံကိန်းများ စတင်သည်နှင့်တစ်ပြိုင်နက် တည်ဆောက်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကွင်း၀စုကျေးရွာ ဓာတ်အားရရှိရင် ၎င်းမှတစ်ဆင့် ၁၁ ကေဗွီဓာတ်အားလိုင်း ၆.၂၂ မိုင် တည်ဆောက်ပြီးတော့ မိုးမခ၊ ရွာသာကုန်း၊ ကျောင်းအိုင်နှင့်အစုကြီးစတဲ့ကျေးရွာလေးရွာ လျှပ်စစ်ဓာတ်အားရရှိမှာဖြစ်ပါတယ်။

ကျောင်းကုန်း-သုံးဂွကားလမ်းဘေးမှာရှိတဲ့ မကျီးပင်ကွင်းကျေးရွာဟာ NEP ရဲ့ ပထမအဆင့်မှာ ထည့်သွင်းလျာထားပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထိုဓာတ်အားလိုင်းမှတစ်ဆင့် နောက်ထပ် ၁၁ ကေဗွီဓာတ်အားလိုင်း ၄.၉၄ မိုင်တည်ဆောက်မှသာ ပန်းတောရိုး၊ လူသန့်ချောင်းနှင့် ၀က်ခြံဂရက်စတဲ့ ကျေးရွာသုံးရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်မှာ ဖြစ်ပါတယ်။

အဆိုပါ အပိုင်းလေးပိုင်းအနက်မှာ ကျောင်းကုန်း-ဒါးကားလမ်းမကြီးဘေးမှာရှိတဲ့ ရွာသစ်၊ လှည်းဆိပ်၊ အုန်းပင်စုနှင့် မာလာကွင်းစတဲ့ကျေးရွာလေးရွာ လျှပ်စစ်ဓာတ်အားရရှိဖို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း သုံးမိုင်နှင့် ကျောင်းကုန်း-အိမ်မဲကားလမ်းမကြီးဘေးမှာရှိတဲ့ ကျေးရွာရှစ်ရွာ လျှပ်စစ် ဓာတ်အားရရှိရန် ၁၁ ကေဗွီဓာတ်အားလိုင်း ရှစ်မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ကျောင်းကုန်း-အိမ်မဲကားလမ်းမကြီးဘေးမှာရှိတဲ့ ဘုရားကြီးကုန်းကျေးရွာ ဓာတ်အားရရှိရေး အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ငါးမိုင်၊ ကျောင်းကုန်း-ကျုံပျော်ကားလမ်းမကြီးဘေးမှာရှိတဲ့ မိုးမခ၊ ရွာသာကုန်း၊ ကျောင်းအိုင်နှင့် အစုကြီးစတဲ့ ကျေးရွာလေးရွာ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၆.၂၂ မိုင်၊ ကျောင်းကုန်း-သုံးဂွကားလမ်းမကြီးဘေးမှာရှိတဲ့ ပန်းတောရိုး၊ လူသန့်ချောင်း၊ ၀က်ခြံဂရက်စတဲ့ ကျေးရွာသုံးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် လည်းကောင်း၊ ကျောင်းကုန်း-ဒါးကကားလမ်းမကြီး ဘေးမှာရှိတဲ့ ကွမ်းခြံကုန်း၊ ရင်ဆိုင်၊ သဲကုန်းစတဲ့ကျေးရွာသုံးရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန်အတွက် ၁၁ ကေဗွီလိုင်း ၅.၉၇ မိုင်နှင့် လက်ပံချောင်း၊ ဂုံမင်း၊ ဇီးချောင်း၊ ပြိုက်ကြီး ကျေးရွာလေးရွာ လျှပ်စစ်ဓာတ်အားရရှိရန် ၁၁ ကေဗွီဓာတ်အားလိုင်း ၈.၈၉ မိုင် တည်ဆောက်ခြင်းတို့ကို ၂၀၂၀-၂၀၂၁

ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေတို့မှာ ထည့်သွင်းလျာထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြစ်သားမြို့နယ်၊ မြောင်းကြီးဘောင်၊ ပွဲလုံးကျော်နှင့် ထိန်ကန်ကြီးကျေးရွာများမှာ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ကျေးရွာမီးလင်းရန် အခက်အခဲရှိနေသောကြောင်း လျှပ်စစ်မီးရရှိရေးအတွက် ရန်ပုံငွေချထား ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဦးလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာဦးလင်းလင်းကျော်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ မြစ်သားမြို့နယ်က လျှပ်စစ်မီးမရသေးတဲ့ ကျေးရွာသုံးရွာ အတွက် မေးခွန်းမေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့ လိုအပ်ချက်၊ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့အတိုင်း ကျွန်တော်တို့ဟာ လွှတ်တော် အစည်းအဝေးနားတဲ့အချိန်မှာ ရွာတွေထိဆင်းပြီးတော့ လွှတ်တော်အတွေ့အကြုံရှင်းလင်းတာတွေ၊ ပြည်သူ့အသံနားထောင်တာတွေ လုပ်ကြပါတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၄ ရက်နေ့က ကျွန်တော်တို့မြစ်သားမြို့နယ်စပ်ရွာလေးတွေ သုံးရွာဖြစ်တဲ့ ထိန်ကန်ကြီး၊ ပွဲလုံးကျော်၊ မြောင်းကြီး ဘောင်ကျေးရွာကို လွှတ်တော်အတွေ့အကြုံသွားရောက်ရှင်းလင်းတဲ့အခါမှာ ရွာသူရွာသားတွေက သူတို့အခက်အခဲလိုလားချက်ကို တင်ပြတဲ့အထဲမှာ သူတို့ဘဝတွေ လူနေမှုအဆင့်အတန်းမြင့်ဖို့ အတွက် တစ်ခုတည်းသော အရေးကြီးဆုံးဆုံမှတ်လိုအပ်ချက်ကြီးကတော့ လျှပ်စစ်မီးရရှိရေးဆိုပြီးတော့ အားလုံးကတစ်ပြိုင်နက်တည်း တင်ပြတောင်းဆိုခဲ့ပါတယ်။ အဲဒီအတွက်ကြောင့်မို့ ကျွန်တော့်အနေနဲ့ လည်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် သေချာကွင်းဆင်းပြီးတော့ ဒီလက်ရှိတိုင်းဒေသကြီး ဘတ်ဂျက် ကပဲဖြစ်ဖြစ် ပေးနိုင်မည့်မူဘောင်ထဲမှာရှိ/မရှိ ကျွန်တော်တို့ စစ်ဆေးတဲ့အခါမှာ ပေးနိုင်တဲ့မူဘောင်ထဲ မှာရှိတဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့ဆန္ဒကို အလေးထားသောအားဖြင့် နိုဝင်ဘာလ ၂၈ ရက်နေ့က ကြယ်ပွင့်ပြမေးခွန်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၇ နှင့်အညီ ကျွန်တော်ရေးသား တင်သွင်းခဲ့ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေပုဒ်မ ၆၂ အရ ပေးအပ် ထားတဲ့အတိုင်း ကျွန်တော်သည် ဒီသက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ အာဏာပိုင်များနှင့် လွှတ်တော် ကိုယ်စားလှယ်များ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဒီမြို့နယ်မှာ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်နှစ်မှာမီးလင်းသင့်တဲ့ ရွာတွေထဲမှာ ကျွန်တော့်လက်မှတ်ထိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် လက်မှတ်ထိုး၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာတွေလက်မှတ်ထိုးနဲ့ တင်ပြပြီးတော့ အပေါ်ပိုင်းကို ကျွန်တော်တို့လက်မှတ်ထိုးနဲ့ တက်သွားတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ ဒီရွာတွေကိုသေချာကွင်းဆင်းတဲ့အခါမှာလည်း ပေးနိုင် တဲ့ မူဘောင်ထဲကဖြစ်တဲ့အပြင် ရွာနှစ်ရွာဟာဆိုလို့ရှိရင် JIKA ရဲ့အစီအစဉ်နဲ့ ရွာတွင်းလေးရွာလိုင်း တည်ဆောက်ပြီးဖြစ်သလို နောက်တစ်ရွာဟာဆိုလည်း အချိန်မရွေးစတင်ပြီးတော့ ကော်မတီဖွဲ့ပြီး တည်ဆောက်နိုင်လောက်အောင်ကို အာသီသပြင်းပြနေကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကလည်း ပြည်သူ့လွှတ်တော် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ပြည်သူ့ကိုယ်စား အောက်ခြေမှာညှိနှိုင်း

ပေါင်းစပ်ပြီးတော့၊ သေချာပြင်ဆင်ပြီးတော့ လွှတ်တော်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်း မေးထားတဲ့အတွက် ဒီရွာသုံးရွာဟာ ပြည်သူများကိုယ်စား ကျွန်တော့်အနေနဲ့တော့ အများကြီး ရလာဒ် ကောင်းကို မျှော်လင့်မိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ ကိုယ်စား မေးမြန်းလိုတဲ့မေးခွန်းကတော့ မြစ်သားမြို့နယ်၊ မြောင်းကြီးဘောင်၊ ပွဲလုံးကျော်နှင့် ထိန်ကန်ကြီးကျေးရွာများမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာမီးလင်းရန် အခက်အခဲရှိနေသော ကြောင်း လျှပ်စစ်မီးရရှိရေးအတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေး တိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ကဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်အတွင်းက မြောင်းကြီးဘောင်ကျေးရွာ လျှပ်စစ် ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၁.၇၂ မိုင်နှင့် ၁၁.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးတည်ဆောက်ခြင်း၊ ပွဲလုံးကျော်ကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၁ မိုင်၊ ၁၁.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံး တည်ဆောက်ခြင်း၊ ထိန်ကန်ကြီးကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ မိုင်နှင့် ၁၁.၄ ကေဗွီ ၂၀၀ ကေဗွီအေထရန်စဖော်မာ ၂ လုံး တည်ဆောက်ခြင်း လုပ်ငန်းများအား မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး အကောင် အထည်ဖော်ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ဖြေကြားအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**ပန်းတောင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူရထားလမ်းပိုင်း တည်ဆောက်ရာတွင် သိမ်းဆည်းမြေများ အတွက် လျော်ကြေးပေးချေရန် နောက်ဆက်တွဲဆောင်ရွက်ထားမှု အခြေအနေအား သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါ တယ်။ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်း မြို့နယ်အတွင်း ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းတည်ဆောက်ရာတွင် သိမ်းဆည်းမြေများအတွက်

လျော်ကြေးပေးချေရန် နောက်ဆက်တွဲ ဆောင်ရွက်ထားမှုအခြေအနေအား သိရှိလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကို ဆက်လက်တင်ပြလိုပါတယ်။ ပန်းတောင်းမြို့နယ်ဟာ ပဲခူးတိုင်းတွင် ဧရာဝတီမြစ်၏အနောက်ဘက်အခြမ်းတွင် သီးခြားတည်ရှိနေသော မြို့နယ်ဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်နဲ့ကပ်လျက်တည်ရှိနေတဲ့ ဧရာဝတီတိုင်းနဲ့ မကွေးတိုင်းရှိ မြို့နယ်အချို့မှာ ပခုက္ကူ-ကြံခင်း ရထားလမ်းဖောက်လုပ်စဉ်က တစ်ဆက်တည်း ပါဝင်ခဲ့ကြပါတယ်။ အဆိုပါရထားလမ်းဖောက်စဉ်က နစ်နာကြေး၊ လျော်ကြေးများ မပေးချေခဲ့တဲ့အတွက် ဒေသခံပြည်သူတို့ရဲ့ တင်ပြချက်များအပေါ် မူတည်၍ ၂၉-၅-၂၀၁၇ ရက်နေ့နဲ့ ၁၅-၅-၂၀၁၈ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော်သို့ ကြယ်ပွင့်မပြမေးခွန်း နှစ်ကြိမ်မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ ထိုမေးခွန်းများ၏ဖြေကြားချက်တွင် ပထမမေးခွန်းအဖြေ၌ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရရှိပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် နီးစပ်ရာဘဏ္ဍာနှစ်တွင် နိုင်ငံတော်သို့ ဘဏ္ဍာငွေတင်ပြတောင်းခံပြီး နိုင်ငံတော်မှ ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျော်ကြေးပေးချေခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားထားပါတယ်။ နီးစပ်ရာဘဏ္ဍာနှစ်လို့ အဖြေမှာပါပေမဲ့ အဲဒီမေးခွန်းမေးခဲ့တာတော့ တစ်နှစ်နဲ့ရှစ်လကျော် ဖြေပြီးဖြစ်ပါတယ်။ ဒုတိယမေးခွန်းအဖြေမှာတော့ အပိုဒ်(ဂ)မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံပြီး ခွင့်ပြုပါက ဆက်လက်ပေးချေသွားမည်ဖြစ်ကြောင်းနှင့် အဖြေ၏အပိုဒ်(ဂ)တွင် ဖြည့်စွက်ရန်ပုံငွေတောင်းခံချိန်မှ ကျော်လွန်ရရှိခဲ့လျှင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် ဘဏ္ဍာငွေဆက်လက်တောင်းခံပြီး လျော်ကြေးဆက်လက်ပေးချေသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ အဲဒီတော့ ကျွန်မမေးခွန်းမေးခဲ့တဲ့အချိန်ကစပြီး ၂၀၁၇ ခုနှစ်ကတည်းကဆိုရင် မေးခွန်းဖြေကြားချက်မှာ ဘဏ္ဍာနှစ်တွေသာ တစ်နှစ်ပြီးတစ်နှစ်ပြောင်းသွားပေမဲ့ ပန်းတောင်းမြို့နယ်အတွက်တော့ ဘယ်အချိန်မှာပေးမယ်ဆိုတဲ့ တိကျတဲ့အဖြေယနေ့အထိ မရှိသေးပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ ဒီ ပခုက္ကူ-ကြံခင်း ရထားလမ်းပိုင်း မြေသိမ်းလျော်ကြေးနဲ့ပတ်သက်လို့ ယခင်နှစ် မတ်လ ၁၆ ရက်နေ့က ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကိုလည်း ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ဖူးပါတယ်။ ထိုမေးခွန်းအားဖြေကြားရာတွင်တော့ ယခုဘဏ္ဍာရေးနှစ်အမီ ပေးချေသွားမည်ဖြစ်ကြောင်း တိကျတဲ့အချိန်ကာလကို ဖြေကြားခဲ့ပါတယ်။ ဒီကိစ္စအပေါ်မှာ သက်ဆိုင်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေက ထိန်းညှိမေးမြန်းနေရလို့ မြန်မာ့မီးရထားအနေနဲ့ ရထားလမ်းသိမ်းမြေယာလျော်ကြေးဖြစ်ပါလျက် မြို့နယ်အလိုက်၊ တိုင်းဒေသကြီးအလိုက် စီမံချက်ချပြီး မျှတအောင်မဆောင်ရွက်သလို ပေါ်ပေါက်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုပါလမ်းပိုင်းမြေသိမ်းလျော်ကြေးများကို ၂၀၁၆ ခုနှစ်ကတည်းက ပေးလျော်နေကြောင်းကိုလည်း ကြားသိရပါတယ်။ ဒါပေမဲ့ ပန်းတောင်းမြို့နယ်လျော်ကြေးတွေအတွက်တော့ မည်သည့်ဘဏ္ဍာရေးနှစ်အမီပေးလျော်မည်လို့ တိတိကျကျမဖြေကြားထားသလို အဖြေတွေဟာ မသေချာ၊ မရေရာတဲ့အဖြေများကိုသာ ရရှိထားတဲ့ပါတယ်။ ဒါကြောင့် မြေသိမ်းခံရတာခြင်းအတူတူ ဖြစ်ပါလျက် လျော်ကြေးပေးတဲ့အခါကျတော့ ခွဲခြားခံရသလိုဖြစ်နေပါတယ်ရှင်။ ယခုအခါ ပန်းတောင်း

မြို့နယ်မှ ရထားလမ်းသိမ်းမြေထဲမှာပါတဲ့ တောင်သူတွေက အခြားမြို့နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ တော့ ရကုန်ပြီ။ ပန်းတောင်းမြို့နယ်က ဘာကြောင့်မရသေးတာလဲဆိုပြီး ဖုန်းဆက်ပြီးတော့ မေးကြပါ တယ်။ လူကိုယ်တိုင်လာရောက်ပြီးတော့ မေးတာတွေ၊ လူထုတွေ့ဆုံပွဲတွေမှာ မေးမြန်းခြင်းတို့ကြောင့် ပန်းတောင်းမြို့နယ်အတွက် တိကျသောအဖြေကို သိရှိလိုပါ၍ အထက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်နှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၏ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းတည်ဆောက်ရာတွင် သိမ်းဆည်းမြေများအတွက် လျော်ကြေးပေးချေ ရန် နောက်ဆက်တွဲဆောင်ရွက်ထားမှုအခြေအနေအား သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ဦးကျော်မျိုးက ပြန်လည် ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်၊ တင်ပြခွင့်ပြုပါခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရာမှာ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်အတွင်း ပါဝင်သွားတဲ့မြေတွေကို ကြံခင်း-ဥသျှစ်ပင်အပိုင်းနှင့် ဥသျှစ်ပင်-သရက်အပိုင်း နှစ်ပိုင်းခွဲ၍ သိမ်းဆည်းခဲ့ရာမှာ ကြံခင်း-ဥသျှစ်ပင်အပိုင်းမှာ ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ တောင်သူ ၂၉၆ ဦးရဲ့သိမ်းဆည်းမြေ ၃၆၀.၂၇ ဧကနှင့် သိမ်းဆည်းမြေတွင် ပါဝင်ခြင်းမရှိသော်လည်း ရထားလမ်းဖောက်လုပ်မှုကြောင့် ပျက်စီးသွားသည့် ကျေးရွာအုပ်စု ၈ အုပ်စုရှိ တောင်သူ ၄၉ ဦး၏မြေ ၃၆.၂၄ ဧကတို့ ပါဝင်ခဲ့ပါတယ်။ ဥသျှစ်ပင်-သရက်အပိုင်းမှာတော့ ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ တောင်သူ ၃၁၆ ဦး၏ သိမ်းဆည်းမြေ ၃၆၀.၂၃ ဧကပါဝင်ပြီး စုစုပေါင်း သိမ်းဆည်းမြေ ၇၂၀.၅ ဧကကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အတည်ပြုထားပြီးဖြစ်ပါတယ်။ ကြံခင်း-ဥသျှစ်ပင်အပိုင်းရှိ ပန်းတောင်းမြို့နယ် အတွင်း ပါဝင်သွားတဲ့ သိမ်းဆည်းမြေ ၃၆၀.၂၇ ဧကနှင့် သိမ်းဆည်းမြေမှာ ပါဝင်ခြင်းမရှိသော်လည်း ရထားလမ်းဖောက်လုပ်မှုကြောင့် ပျက်စီးသွားတဲ့မြေ ၃၆.၂၄ ဧက စုစုပေါင်း ၃၉၆.၅၁ ဧကအတွက် လျော်ကြေးနဲ့နစ်နာကြေး စုစုပေါင်းတန်ဖိုးငွေကျပ် ၆၉၆.၇၅၂ သန်းကို ၂၃-၅-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၈)၌ အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း ပန်းတောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန က ၂-၁၀-၂၀၁၈ ရက်နေ့တွင်မှ မြန်မာ့မီးရထားတိုင်းအမှတ်(၉) ဟင်္သာတသို့ အသိပေး အကြောင်းကြားလာသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်းလျာထားတောင်းခံ

နိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒါကြောင့် မြန်မာ့မီးရထားအနေဖြင့် အတည်ပြုချက်ရရှိပြီးဖြစ်သော ကြံခင်း-ဥသျှစ်ပင်အပိုင်းရှိ ပန်းတောင်းမြို့နယ်အတွင်း ပါဝင်သွားတဲ့သိမ်းဆည်းမြေနှင့် ပျက်စီးသွားတဲ့မြေ စုစုပေါင်း ၃၉၆.၅၁ ဧကတို့အတွက် လျော်ကြေးနှင့်နစ်နာကြေး စုစုပေါင်းကျပ် ၆၉၆.၇၅၂ သန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတောင်းခံရာတွင် ထည့်သွင်းလျာထားတောင်းခံ၍ ခွင့်ပြုရရှိမှုအပေါ် မူတည်၍ လျော်ကြေးနှင့်နစ်နာကြေး ပေးချေမှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥသျှစ်ပင်-သရက်အပိုင်းရှိ ပန်းတောင်းမြို့နယ် အတွင်း ပါဝင်သွားတဲ့ကျေးရွာအုပ်စု ၁၁ အုပ်စုမှ တောင်သူ ၃၁၆ ဦး၏ သိမ်းဆည်းမြေ ၃၆၁.၂၃ ဧကအတွက် လျော်ကြေးတန်ဖိုးများကို ပန်းတောင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အဆင့်ဆင့် တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၈-၁၂-၂၀၁၈ ရက်နေ့မှာ ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြထားကြောင်း သိရှိရပါတယ်။ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုပြီးသည့်နောက် ပဲခူးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မြန်မာ့ မီးရထားသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေတောင်းခံချိန်အမီ အကြောင်းကြား လာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံ၍ ခွင့်ပြုမှု ရရှိမှုအပေါ် မူတည်၍ လျော်ကြေးပေးချေမှုများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို တစ်ဆက် တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါရှင်။ ဝန်ကြီးရဲ့ဖြေကြားချက်ထဲမှာ ပါတာကျတော့ ပန်းတောင်း မြို့နယ်အတွက် ကြံခင်းနှင့် ဥသျှစ်ပင်တို့၊ ဥသျှစ်ပင်နှင့်သရက်ဆိုပြီးတော့ အပိုင်းလေးတွေခွဲပြီးတော့ လျော်ကြေးပေးဖို့ဆိုတာကို ဝန်ကြီးတဲ့တင်ပြချက်ထဲမှာ ပါပါတယ်။ ဒါပေမဲ့ ဝန်ကြီးရဲ့အဖြေကို ချုံ့ပြီးတော့ကြည့်လိုက်တဲ့အခါကျတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေမှာထည့်သွင်း ပြီးတော့ တင်ပြမယ်။ အဲဒီတော့ ခွင့်ပြုချက်ရဲ့ရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ပေးမယ်ဆိုပြီးတော့ ဖြေကြားချက်မှာ ပါပါတယ်ရှင်။ အဲဒီတော့ ကျွန်မမေးလိုတဲ့မေးခွန်းကျတော့ ပခုက္ကူက လွှတ်တော် ကိုယ်စားလှယ်မေးတဲ့မေးခွန်းမှာတုန်းကတော့ သူက ဘယ်ဘဏ္ဍာရေးနှစ်အမီမှာ ပေးချေသွားမယ် ဆိုပြီးတော့ အချိန်ကိုတိတိကျကျဖြေသွားပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းလိုတာကတော့ ကျွန်မသည်အခုကြယ်ပွင့်ပြမေးခွန်းမေးခဲ့တာသည် စုစုပေါင်း မေးခွန်း သုံးကြိမ်မြောက်မေးခွန်းဖြစ်တာဖြစ်တဲ့အတွက် ပန်းတောင်းမြို့နယ်မှာရှိနေတဲ့ မြေသိမ်းခံရတဲ့သူတွေ ကို အခုနတုန်းက အခြား ပခုက္ကူလိုမျိုးမြို့နယ်လို ဘယ်ဘဏ္ဍာရေးနှစ်အမီ၊ ဘယ်ဘဏ္ဍာရေးနှစ်မှာ နောက်ဆုံးထားပြီးတော့ပေးမယ်ဆိုတဲ့ တိကျသောအဖြေကို ပေးနိုင်ခြင်းရှိ/မရှိကို တစ်ဆက်တစ်စပ် တည်းမေးမြန်းလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းအတွက် ကျေးဇူးတင်ပါတယ်။ မေးသင့်တဲ့မေးခွန်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ့မီးရထား မီးရထားလမ်းဖောက်တဲ့မြေယာသိမ်းဆည်းတဲ့လျော်ကြေး၊ နစ်နာကြေးတွေပေးတဲ့နေရာမှာပဲဖြစ်ဖြစ်၊ အခြားလုပ်ငန်းများအတွက် မြေလျော်ကြေးတို့၊ နစ်နာကြေးတို့ ပေးတဲ့အခါ ပထမအဆင့်ကတော့ ကျွန်တော်တို့က လျော်ကြေးပေးရမယ်၊ နစ်နာကြေးပေးရမယ်၊ မြေဧကတွေကို သက်ဆိုင်ရာဒေသအာဏာပိုင်တွေက နေပြီးတော့ အတည်ပြုချက်ရယူပါတယ်။ အတည်ပြုချက်ရပြီးတဲ့နောက်မှာ ဒီဧကအတည်ပြုပြီးတဲ့နောက်မှာ ကျွန်တော်တို့က ဒီလျော်ကြေးပေးဖို့တန်ဖိုး၊ နစ်နာကြေးတန်ဖိုးကလည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆုံးဖြတ်ပိုင်ခွင့်ရှိတာမဟုတ်ဘဲနဲ့ သက်ဆိုင်ရာဒေသအာဏာပိုင်အဆင့်ဆင့်၊ ဗဟိုအထိတင်ပြီးတော့ အတည်ပြုချက်ရယူရတာဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို မှန်ပါတယ်။ အရင်ကမေးခွန်းတွေ ဖြေကြားတယ်။ ကျွန်တော်တို့က ဘယ်ဘဏ္ဍာရေးနှစ်မှာတော့အမီ ပေးချေဖို့ ဆောင်ရွက်ပါမယ်လို့ ပြောခဲ့ပေမဲ့လည်း ဒီဟာက ကျွန်တော်တို့ရဲ့လုပ်ပိုင်ခွင့်၊ ကာလသတ်မှတ်နိုင်ခြင်းမရှိတဲ့အတွက်ကို ကျွန်တော်တို့က အခုနကပြောသလို ခွင့်ပြုချက်တွေ၊ အတည်ပြုချက်တွေရတဲ့အချိန်မှာ ဆောင်ရွက်ရတာဖြစ်ပါတယ်။ နောက် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားသလို ခွင့်ပြုရရှိတဲ့ရန်ပုံငွေအပေါ်မူတည်၍ဆိုတာ ဒါကတော့ ကျွန်တော်တို့က ဘတ်ဂျက်သဘောတရားအရ ကျွန်တော်တို့က လျာထားထည့်သွင်းရမှာပဲ။ ကျွန်တော်တို့အခုတင်ပြထားတဲ့အတိုင်းပဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံမှာ ဖြစ်ပါတယ်။ ဒါပေမဲ့အခုနကပြောသလို ကျွန်တော်တို့အနေနဲ့က တင်ပြတောင်းခံတဲ့ပမာဏအတိုင်း အပြည့်အဝရရှိတာမျိုးက အမြဲတလေမရှိတဲ့အတွက်ကို ကျွန်တော်က ခွင့်ပြုရရှိတဲ့ရန်ပုံငွေအပေါ်မူတည်၍ ထည့်သွင်းဖြေကြားခဲ့တာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရွှေပြည်သာမြို့နယ်၊ မြန်မာ့စာတိုက်လုပ်ငန်းအဆောက်အဦသည် အများပြည်သူနှင့်ဆက်သွယ်ရေးဝန်ထမ်းများအတွက် အန္တရာယ်ရှိအဆောက်အဦအဆင့်သို့ ရောက်ရှိနေပါသဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းအဆောက်အဦသစ်တစ်လုံး အမြန်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း အနေဖြင့် ရွှေပြည်သာမြို့နယ် မြန်မာ့စာတိုက်လုပ်ငန်းအဆောက်အဦသည် အများပြည်သူနှင့်ဆက်သွယ်ရေးဝန်ထမ်းများအတွက် အန္တရာယ်ရှိအဆောက်အဦအဆင့်သို့ ရောက်ရှိနေပါသဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးအဆောက်အဦတစ်လုံးကို အမြန်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရန်တာဝန်ရှိသူများ၊ အကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိသူများကို ကျွန်တော်မေးမြန်းအပ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး

တော့ ကျွန်တော် ကျိုးကြောင်းဖော်ပြချက်အနေနဲ့ အန္တရာယ်ရှိအဆောက်အဦဖြစ်ကြောင်းကို မှတ်တမ်းတင်ထားတဲ့ဓာတ်ပုံများကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ရွှေပြည်သာမြို့နယ် အန္တရာယ်ရှိ စာတိုက်အဆောက်အဦ ဖြစ်ပါတယ်။ ဒီစာတိုက်အဆောက်အဦဟာ ရွှေပြည်သာမြို့ရဲ့အဓိကအချက်အချာနေရာမှာတည်ရှိပြီးတဲ့အခါကျတော့ ဘတ်စ်ကားလမ်းမကြီး၊ ဘုရင့်နောင်လမ်းမကြီးရဲ့ဘေးမှာ အထင်ကရတည်ရှိနေတဲ့အဆောက်အဦဖြစ်ပါတယ်။ ပုံ(၂)မှ ပုံ(၁၉) အထိ ပုံများကို ကြည့်မယ်ဆိုလို့ရှိရင် ရှေ့နှင့် ဘေးနံရံတွေ ပြိုကျပျက်စီးနေတာတွေ၊ ဘေးနံရံတွေဟာဆိုလို့ရှိရင် တိုင်ကနေပြီးတော့ လေးလက်မလောက်ကွာတဲ့အထိ ကြယ်မြင်၊ လမြင်၊ နေမြင်ဖြစ်နေတဲ့အနေအထားတွေ၊ တိုင်တွေဟာဆိုလို့ရှိရင် စောင်းပြီးတော့ တစ်ဝက်လောက်ခြစားထားတဲ့အနေအထားတွေ အထွေထွေယိုယွင်းပျက်စီးမှုများကို တွေ့ရှိနိုင်ပါတယ်။ ဒီလိုယိုယွင်းပျက်စီးမှုများနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာအင်ဂျင်နီယာပညာရှင်တွေနဲ့ အင်ဂျင်နီယာအုပ်ချုပ်ရေးမှူးတို့ကို ကျွန်တော်တို့ဆက်သွယ်ပြီးတော့ စိစစ်ပေးရန် မေတ္တာရပ်ခံခဲ့ပါတယ်။ အဲဒီလိုမေတ္တာရပ်ခံချက်အရ စိစစ်ချက်ကို ဆက်လက်ပြီးတော့ Power Point ဖြင့် ပြပေးရန် မေတ္တာရပ်ခံပါတယ်။ ဒါကတော့ ဒီစာတိုက်က အန္တရာယ်ရှိ အဆောက်အဦဖြစ်တဲ့အကြောင်းကို ရွှေပြည်သာမြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးကနေပြီးတော့ အင်/ယာ အင်ဂျင်နီယာများရဲ့တင်ပြချက်များအရ အတည်ပြုလက်မှတ်ရေးထိုးပြီးတော့ ပေးပို့ထားတဲ့စာ ဖြစ်ပါတယ်။ ဒါကတော့ ဒုတိယတာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ခံအင်ဂျင်နီယာတို့ကနေပြီးတော့ စာနှင့်တကွ ကျွန်တော်တို့ပြထားတာ ဖြစ်ပါတယ်။

ဒီအင်ဂျင်နီယာကနေပြီးတော့ အစီရင်ခံထားတဲ့စာမှာ ကျွန်တော်တို့ကြည့်မယ်ဆိုလို့ရှိရင် အပိုဒ်(၂)မှာ ရွှေပြည်သာမြို့နယ် မြန်မာ့စာတိုက်လုပ်ငန်းရုံးကို ကွင်းဆင်းစစ်ဆေးရာ ၎င်းအဆောက်အဦဟာ ၄၂ ပေ x ၃၁ ပေ အတိုင်းအတာရှိ တစ်ထပ်အုတ်ညှပ်အဆောက်အဦသည် မြေနိမ့်ပိုင်းဖြစ်သဖြင့် ဘေးပတ်လည်တွင် ရေများရှိနေခြင်းကြောင့် ဖောင်ဒေးရှင်းအတွင်းသို့ ရေစိမ့်ဝင်သဖြင့် အကုန်လုံးကွဲအက်နိမ့်ကျပြီး ကွန်ကရစ်ကြမ်းခင်းများပါ ကွဲအပ်နိမ့်ကျလျက်ရှိပါသည်။ ဘေးအကာနံရံများလည်း အက်ကြောင်းဖြစ်ပြီး တိုင်နှင့်နံရံမှာ လေးလက်မခန့်လောက်ကွာဟနေခြင်း၊ အဆောက်အဦမှာလည်း တစ်ဘက်သို့စောင်းနေခြင်း၊ ခြေကျော်တံခါးကျည်းဘောင်များနှင့် တံခါးရွက်များ ပျက်စီးခြင်းများ၊ ဒိုင်းများ ကွေးညွတ်သွားခြင်းများ ဖြစ်ပေါ်နေပါသည်။ စာပိုဒ်ကြီး(၃) ၎င်းအဆောက်အဦအတွင်းတွင် လက်ရှိရုံးလုပ်ငန်းများ ဆောင်ရွက်နေသောအဆောက်အဦဖြစ်ပြီး ရာသီဥတုဒဏ်ခံနိုင်ရည်မရှိတော့သဖြင့် အချိန်မရွေးပြိုကျပျက်စီးနိုင်ပြီး ရုံးဝန်ထမ်းများနှင့် ရုံးသို့လာသောပြည်သူများထိခိုက်နိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆောက်အဦ၏သက်တမ်းမှာ နှစ် ၂၀ ရှိတယ်ဆိုပြီးတော့ လက်မှတ်ထိုးပြီးတော့တင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါဟာဆိုလို့ရှိရင် ဒီအဆောက်အဦကို အသစ်ဆောက်လုပ်ပေးဖို့ ခိုင်မာတာကိုတွေ့ရှိနိုင်ပါတယ်။ စာပို့လုပ်ငန်းဟာဆိုလို့ရှိရင် အမြန်ချောစာလုပ်ငန်း၊ အမြန်ချောထုပ်လုပ်ငန်းကို အင်တာနက်၊ ကွန်ပျူတာတို့ဖြင့်လည်း ပြနေပါတယ်။ ငွေပို့လုပ်ငန်းကိုလည်း ထို့အတူပဲ အင်တာနက်၊ ကွန်ပျူတာနဲ့ ဆက်တိုက်ချိတ်ဆက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ CB Bank၊ OK $ စတဲ့ဘဏ်တွေကလည်း ဖုန်းဘေလ်ရောင်းချခြင်း၊ ငွေပို့ခြင်း၊ ငွေထုတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က အဆောက်အဦခေတ်မီရုံတင်မကပဲနဲ့ အဆောက်အဦမှာရှိတဲ့ ဆက်သွယ်ရေးပစ္စည်းများဟာဆိုလို့ရှိရင်လည်း ခေတ်မီဖို့လိုအပ်တဲ့အတွက်ကြောင့် ခေတ်မီစာတိုက် အဆောက်အဦဆိုတဲ့အထဲမှာ ဒီကိစ္စကိုလည်း ထည့်သွင်းစဉ်းစားပေးဖို့လိုအပ်ပါတယ်။ ဒါကတော့ ရွှေပြည်သာမြို့နယ် အန္တရာယ်ရှိစာတိုက်အဆောက်အဦမှာ အများပြည်သူနှင့် ဝန်ထမ်းတွေဟာဆိုလို့ ရှိရင် လုပ်ကိုင်ဆောင်ရွက်နေရတဲ့အနေအထားရှိပါတယ်။ အကယ်၍သာ မမျှော်လင့်ဘဲနဲ့ ပြိုကျ ပျက်စီးမယ်ဆိုလို့ရှိရင် အသက်အန္တရာယ်ကိုသော်လည်းကောင်း၊ ခန္ဓာကိုယ်ထိခိုက်ပျက်စီးမှုများသော် လည်းကောင်း မလွှဲမသွေဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒီအချိန်မှာ သက်ဆိုင်ရာတာဝန်ရှိသူများဟာ အစားထိုးကုစားပေးလို့ မရနိုင်ပါဘူး။ ဒါကတော့ အင်းစိန်မြို့နယ် ခေတ်မီမြန်မာ့စာတိုက်လုပ်ငန်း အဆောက်အဦဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုခေတ်မီတဲ့စာတိုက်အဆောက်အဦတစ်ခုတည်ဆောက် ပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း၏ရွှေပြည်သာမြို့နယ်၊ မြန်မာ့စာတိုက်လုပ်ငန်းအဆောက်အဦ သည် အများပြည်သူသူနှင့် ဆက်သွယ်ရေးဝန်ထမ်းများအတွက် အန္တရာယ်ရှိအဆောက်အဦအဆင့်သို့ ရောက်ရှိနေပါသဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းအဆောက်အဦသစ်တစ်လုံးကို အမြန်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေး မည်ကို သိလိုကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ရန်ကုန် တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၅၁/၁၆၆)မှာ ၄၂ ပေ x ၃၀ ပေ x ၁၂ ပေ ရှိ တိုက်ခံတစ်ထပ်စာတိုက်အဆောက်အဦကို ၁၉၉၃ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး သက်တမ်းအားဖြင့် ၂၅ နှစ်ခန့်ကြာမြင့်ပြီဖြစ်၍ သဘာဝဘေးအန္တရာယ်နှင့် သက်တမ်းကြာမြင့်မှုတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသည့်အတိုင်း အဆောက် အဦရဲ့ခေါင်မိုး၊ မျက်နှာကျက်၊ နံရံနှင့်ကြမ်းခင်းတို့ဟာ ယိုယွင်းပျက်စီးလျက်ရှိသည်မှာ အမှန်ပင် ဖြစ်ပါတယ်ခင်ဗျား။ စာတိုက်လုပ်ငန်းဟာ ယခင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ကြီးကြပ်မှု အောက်ရှိ လုပ်ငန်းတစ်ခုဖြစ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ မြန်မာ့စာတိုက်လုပ်ငန်းအဖြစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းရှိ မြန်မာနိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် သီးခြား ရပ်တည်လျက်ရှိပါတယ်။ ထိုကဲ့သို့ ရပ်တည်ဆောင်ရွက်ခဲ့တဲ့အချိန်မှစပြီးတော့ မြန်မာ့စာတိုက်လုပ်ငန်း အနေနဲ့ နှစ်စဉ်အရှုံးပေါ်ခဲ့ရပါတယ်။

**မှုကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ မြန်မာ့စာတိုက်လုပ်ငန်းရဲ့အရှုံးပေါ်နေတဲ့ အခြေအနေလေးကို ပြထားတဲ့ဇယားပဲ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့က ၂၀၁၆-၂၀၁၇ ခုနှစ်ကနေ ၂၀၁၈-၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ကြည့်မယ်ဆိုရင် စုစုပေါင်း ၁၂.၂ ဘီလီယံခန့် အရှုံးပေါ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့လည်း မြန်မာ့စာတိုက် လုပ်ငန်းအနေနဲ့ နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၃၃၀ ရှိ စာတိုက်ပေါင်း ၁၃၈၆ ခုရဲ့ အဆောက်အဦများကို အကြီးစားပြင်ဆင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်းတို့အတွက် နှစ်စဉ်ခွဲဝေရရှိတဲ့ ဘဏ္ဍာရန်ပုံငွေ ဖြင့်သာ စာတိုက်အသီးသီးတို့ရဲ့ယိုယွင်းပျက်စီးမှုအခြေအနေအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ရသဖြင့် ရွှေပြည်သာမြို့နယ်ရှိ စာတိုက်အဆောက်အဦ ပြုပြင်တည်ဆောက်ခြင်းကို မဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ စာတိုက်အဆောက်အဦများ အကြီးစားပြင်ဆင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းတွေကို ငွေလုံးငွေရင်းရန်ပုံငွေ စုစုပေါင်းကျပ်သန်း ၄၀၀.၂၂၆ ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၉၃.၈၂ သန်း လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအထဲမှာတော့ ရွှေပြည်သာစာတိုက်အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း မပါဝင်ပါ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ စာတိုက်အဆောက်အဦများ အကြီးစားပြင်ဆင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်း အပါအဝင် မြန်မာ့စာတိုက်လုပ်ငန်းတစ်ခုလုံးအတွက် ငွေလုံးငွေရင်း ရန်ပုံငွေစုစုပေါင်းကျပ်သန်း ၁၇၅၅.၀၅၆ တင်ပြတောင်းခံခဲ့သော်လည်း ကျပ် ၃၇၄.၉၁၁ သန်းသာ ခွင့်ပြုချက်ရရှိခဲ့တာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့မြန်မာ့စာတိုက်လုပ်ငန်းအနေနဲ့လည်း တင်ပြတဲ့အတိုင်း ရန်ပုံငွေမရရှိတဲ့အတွက် ဦးစားပေးအစီအစဉ်နဲ့ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆွေးနွေး တင်ပြချက်များ အရလည်းကောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းက ကွင်းဆင်းစစ်ဆေးချက်များအရ လည်းကောင်း၊ ရွှေပြည်သာစာတိုက်ဟာ အန္တရာယ်ရှိအဆောက်အဦဖြစ်နေခြင်းကြောင့် အဆိုပါ စာတိုက်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် သာမန်ရန်ပုံငွေခွင့်ပြုချက်ဘောင်အတွင်းမှ အရေးပေါ်လုပ်ငန်းအဖြစ် ပေ ၂၀ ပတ်လည် ယာယီအဆောက်အဦတစ်လုံးကို ဆောက်လုပ်ပေးရန် အတွက် ၂၁-၁-၂၀၁၉ ရက်နေ့မှာ တင်ဒါခေါ်ယူခဲ့ပြီးဖြစ်ပါတယ်။ တင်ဒါအောင်မြင်တဲ့လုပ်ငန်းရှင်ကို လုပ်ငန်းအပ်နှံ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်ဆောက်လုပ်သွားမှာဖြစ်ရာ ၂၀၁၉ ခုနှစ် မတ်လကုန်မှာ ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒါအပြင် စာတိုက်အသစ်ဆောက်လုပ်ပေးနိုင် ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှာ ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၃၀၀ တင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးညာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ယခုလို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး အနေနဲ့ ပြည်သူများရဲ့အသက်အန္တရာယ်နှင့် ပြင်းထန်စွာ ထိခိုက်နာကျင်မှုတွေ ဖြစ်ပေါ်မယ့်အရေးနဲ့ ပတ်သက်ပြီးတော့ ယာယီအဆောက်အဦတွေဆောက်မယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ခေတ်မီအဆောက်

အဦးသစ်ကို ဆောက်လုပ်လျှာထားမယ်ဆိုတဲ့ ဖြေကြားချက်ကို သိရှိရတဲ့အခါမှာ ရွှေပြည်သာမြို့နယ် ပြည်သူလူထုရဲ့ကိုယ်စား အထူးပဲ ကျေးဇူးတင်ကြောင်းကိုလည်း ကျွန်တော်ပြောကြားလိုပါတယ်။ ဝန်ကြီးရဲ့ဖြေကြားချက်ကဆိုလို့ရှိရင်လည်းပဲ အင်မတန်မှ မှန်ကန်သင့်လျော်ပါတယ်။ နိုင်ငံတော်မှာ ဆိုလို့ရှိရင် အဆုံးရှုံးခံပြီးတော့ လုပ်နေရတဲ့လုပ်ငန်းတွေ ရှိပါတယ်။ လျှပ်စစ်မီးသွယ်တန်းတဲ့ကိစ္စမှာ ဆိုရင် နိုင်ငံတော်က အရှုံးပေါ်ပြီးလုပ်ရတာပါ။ ဒါမလုပ်မဖြစ်တဲ့အလုပ်တွေ။ ထို့အတူပဲ စာတိုက်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုတာလည်း ပြည်သူလူထုအတွက် နိစ္စဓူဝမလုပ်မဖြစ်၊ မရှိမဖြစ်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဝန်ကြီးဖြေကြားတဲ့အတိုင်း ဒီစီမံကိန်းတွေကို ထိထိရောက်ရောက် နဲ့ ဆက်လက်ဆောင်ရွက်နိုင်ပါစေ။ နောက်ပြီးတော့ ခေတ်မီစက်ကိရိယာများနဲ့ပတ်သက်ပြီးတော့ လည်း ဝန်ကြီးဖြေကြားချက်မှာ မပါတဲ့အတွက်ကြောင့် ဒါလေးကိုလည်း ဖြေကြားပေးဖို့၊ ဒီမှာ ဖွဲ့စည်းပုံ တွေလည်းပဲ အချိန်မရလို့ပါ။ ပထမပိုင်းတုန်းက။ ဖွဲ့စည်းပုံတွေမှာဆိုလို့ရှိရင်လည်းပဲ မော်တော် ဆိုင်ကယ်တွေ အားနည်းတာတွေ၊ ကွန်ပျူတာတစ်လုံးပေးတာတွေက ပျက်နေတာတွေ၊ ဖုန်းသုံးလုံး ပေးတာ တစ်လုံးပဲ Device နဲ့ဆက်သွယ်လို့ရတာတွေ ဒီအနေအထားတွေကို အားလုံး ဝန်ကြီးအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ချင့်ချိန်သုံးသပ်ပြီးတော့ ဒီကိစ္စကို အောင်မြင်ပြီးမြောက်တဲ့အထိ ကြီးကြပ်ကွပ်ကဲ ပေးနိုင်ခြင်းရှိ/မရှိ စက်ကိရိယာများနှင့်ပတ်သက်ပြီး ဆက်စပ်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ဆက်စပ်မေးခွန်းကလည်း အင်မတန်ကောင်းပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပထမတင်ပြသွားတဲ့ကျိုးကြောင်းဖော်ပြ ချက်မှာလည်း ပါပါတယ်။ အင်းစိန်စာတိုက်ကဲ့သို့ ခေတ်မီတဲ့စာတိုက်၊ စက်ကိရိယာတွေ တပ်ပြီး ဆောင်ရွက်သွားဖို့လည်း ပါပါတယ်ခင်ဗျား။ ဒါပေမဲ့ ကျွန်တော် စောစောကတင်ပြသလို လွှတ်တော် ကိုယ်စားလှယ်ကြီးလည်း ပြောကြားသွားသလို မြန်မာ့စာတိုက်လိုဟာမျိုး၊ မြန်မာ့မီးရထားလိုဟာမျိုး ပြည်သူ့ အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်တဲ့အတွက် အရှုံးကတော့ ရင်ဆိုင်ပြီးတော့ ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ရန်ပုံငွေတင်ပြတဲ့အခါမှာ ဆောင်ရွက်သင့်တဲ့လုပ်ငန်းတွေ အားလုံးအတွက် ရန်ပုံငွေတင်ပြသော်လည်း ကျွန်တော်တို့အနေနဲ့က နှစ်စဉ်ဘတ်ဂျက်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကနေပြီးတော့ ကျွန်တော်တို့က ရန်ပုံငွေဘောင်သတ်မှတ်ချက်ပေးပါတယ် ခင်ဗျား။ ဘောင်သတ်မှတ်ချက်ပေးတဲ့အခါကျတော့ ကျွန်တော်တို့တင်ပြတောင်းခံတဲ့ ရန်ပုံငွေပမာဏ နဲ့ဆိုရင် ကျွန်တော်တို့က အများကြီး ပြန်ပြီးတော့လျှော့ချရတယ်။ လျှော့ချရတဲ့အခါကျတော့ ကျွန်တော်တို့မှာက ဦးစားပေးအစီအစဉ်အလိုက် ကိုယ့်လုပ်ငန်းတွေကို ဘယ်ဟာကို ဦးစားပေးမလဲ အပေါ်မှာမူတည်ပြီးတော့ ဝန်ကြီးဌာနအဆင့် ဌာနအားလုံးနှင့်တိုင်ပင်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို မှန်ပါတယ်။ ရွှေပြည်သာစာတိုက်ဟာလည်း အင်းစိန်စာတိုက် ကဲ့သို့ ခေတ်မီစက်ကိရိယာတွေ တပ်ဆင်သွားသင့်တယ်ဆိုတာလည်း မှန်ပါတယ်။ ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်ကြီး ကနဦးကျိုးကြောင်းဖော်ပြချက်မှာ ဖော်ပြသလို စာတိုက်ကလည်း ဆောင်ရွက်နေရ

တဲ့လုပ်ငန်းတွေဟာလည်း များပြားတာလည်း အမှန်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က တော့ နှစ်စဉ်ရန်ပုံငွေအခြေအနေအပေါ် မူတည်ပြီး ရွှေပြည်သာစာတိုက်အဆင့်မြှင့်တင်ရေးအတွက်ကို အဆောက်အဦအသစ်ဆောက်လုပ်ပြီးတဲ့နောက်ပိုင်းမှာ အဆင့်ဆင့်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ကျွန်တော်တို့လည်း ဒီဟာကို ညွှန်ကြားပြီးတော့ ကွပ်ကဲဆောင်ရွက်မှာဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း နံဘေးရှိ တိန်းချောင်းကမ်းပါး ထပ်မံမပြိုကျနိုင်စေရေးအတွက် မြေထိန်းနံရံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အရေးပေါ် တည်ဆောက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် ၂၀၁၈ ခုနှစ်မှာ နိုင်ငံတစ်ဝန်းလုံး မိုးရွာသွန်းမှု များပြားခဲ့လို့ မြစ်ချောင်းများမှာ ကမ်းပါးပြိုမှုတွေ များစွာရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်မှာ ပါဝင်တဲ့ လင်းခေးမြို့နယ် နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနံဘေး တိန်းချောင်းကမ်းပါး ပြိုကျမှုအခြေအနေကို Power Point ဖြင့် တင်ပြခွင့်ပြုစေလိုပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကားလမ်းပေါ်ကနေမြင်ရတဲ့ ဘုန်းကြီးကျောင်း ဖြစ်ပါတယ်။ တစ်ခြားတစ်ဖက် မှာ အဲဒီအရှေ့ဘက်မှာ တိန်းချောင်းစီးဆင်းနေမှုနှင့် တိန်းချောင်းကမ်းပါးတွေကို အဝေးကမြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကမ်းပါးတွေပြိုကျနေတဲ့ပုံတွေ ဖြစ်ပါတယ်။

ကမ်းပါးတွေ ပြိုကျနေတာက အဲဒီဘုန်းကြီးကျောင်းနှင့် ပေ ၃၀ လောက်အကွာကို ရောက်ရှိ လာပြီဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကျောင်းပေါ်ကနေမြင်ရတဲ့ ရေက ဘုန်းကြီးကျောင်းနား ဘယ်လောက်ကပ်နေတယ်ဆိုတာကို မြင်ရတဲ့ပုံဖြစ်ပါတယ်။ ကျောင်းဂေါပကနေပြီးတော့မှ ကမ်းပါးကို ကြည့်ရင်းနဲ့ ပူဆွေးနေရတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ကျေးရွာလူကြီးတွေနဲ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေ တွေ့ဆုံကြတဲ့ပုံ ဖြစ်ပြီးတော့ လူကြီးတွေကနေမှ ကျွန်တော်တို့ရွာဟာဖြင့် အိမ်ခြေ အားဖြင့် ၈၀ လောက်ပဲရှိပါတယ်။ ဒီဟာကို ကျွန်တော်တို့ ထိန်းသိမ်းဖို့ရန် အလွန်ပဲ အခက်အခဲ ရှိနေကြပါတယ်ဆိုမှ သက်ဆိုင်ရာကနေပြီးတော့ ကျွန်တော်တို့ကို အကူအညီပေးပါလို့ တင်ပြလာတာ တွေရှိပါတယ်။ ဘုန်းကြီးကျောင်းကြီးအတွက် ရှေ့ရေးကိုတွေးပူနေရပုံဖြစ်ပါတယ်။ ယခုလက်ရှိ ရွာက နေမှ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဒီကမ်းပါးကြီးကိုထိန်းဖို့ ကျောက်တွေ၊ မျောတိုင်တွေ စုဆောင်းထားတဲ့ပုံ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးမြို့နယ် နားကုန်းကျေးရွာ အုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနံဘေးရှိ တိန်းချောင်းကမ်းပါး ထပ်မံမပြိုကျစေနိုင်ရေး အတွက် အရေးတကြီးလိုအပ်နေသော ကမ်းထိန်းနံရံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံ

ငွေဖြင့် အရေးပေါ်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်း၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးမြို့နယ် နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနံဘေးရှိ တိန်းချောင်းကမ်းပါး ထပ်မံမပြိုကျနိုင်စေရေးအတွက် မြေထိန်းနံရံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အရေးပေါ်တည်ဆောက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၁၂) ရှမ်းပြည်နယ်ရုံးအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြစ်/ချောင်းများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် ရေလွှမ်းမိုးမှု၊ ရေကြီးရေလျှံမှု ကာကွယ်ရေးလုပ်ငန်းများကို ခွင့်ပြုရရှိသည့် ရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနံဘေးရှိ တိန်းချောင်းကမ်းပါး အခြေအနေကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇ ခုနှစ် ဩဂုတ်လ အတွင်း ကွင်းဆင်းတိုင်းတာ စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လင်းခေးမြို့နှင့် တိန်းချောင်းတည်နေရာပြပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခုံအွတ်ကျေးရွာနှင့် တိန်းချောင်းတည်နေရာပြ မြေပုံဖြစ်ပါတယ်။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ကမ်းပြိုကာကွယ်ရန် လိုအပ်တဲ့နေရာ ဖြစ်ပါတယ်။ အနီနဲ့ပြထားတဲ့ဟာ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးချက်အရ ကမ်းပြိုကာကွယ်ဖို့လိုအပ်တဲ့နေရာ ပြထားခြင်းဖြစ်ပါတယ်။ ဒါကတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ ကွင်းဆင်းစစ်ဆေးတဲ့ မှတ်တမ်းဓာတ်ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဆောင်ရွက်ရန်လိုအပ်မယ့် ကွင်းဆင်းဒီဇိုင်းဖြစ်ပါတယ်။ တိန်းချောင်းကမ်းပါးကာကွယ်ရေးအတွက် Steel Basket များအတွင်း ကျောက်ကြီးစီ၍ မြေထိန်းနံရံအလျားပေ ၈၅၀ နှင့် ကျောက်ကြီးများဖြင့် အခြေထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး ခန့်မှန်းကုန်ကျစရိတ်ကတော့ ကျပ်သန်း ၃၂၀ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၂) ရှမ်းပြည်နယ်ရုံးမှ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်ရန်ရှိသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို

ပြုစု၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်ရန်ရှိတဲ့ ဦးစားပေးလုပ်ငန်း ၃၉ ခုအနက် လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု၊ ခုံအွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီး တိန်းချောင်းရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းမှာ အမှတ်စဉ်(၂၅)မှာ ရှိပါကြောင်း၊ အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၃၉ ခုအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံထားခြင်းမရှိပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှာ ဦးစားပေးအမှတ်စဉ် ၁ မှ အမှတ်စဉ် (၁၁) အထိသာ ရန်ပုံငွေလျာထားတင်ပြတောင်းခံထားပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိမှု အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ အခုလို ဖြေကြားပေးတဲ့အတွက် ဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ကလည်း ခုနက မေးသွားသလိုမျိုး အရေးတကြီးလိုအပ်နေတဲ့ အခြေအနေဖြစ်တဲ့အတွက် ဝန်ကြီးဖြေကြားသွားတာကတော့ ၂၀၁၉-၂၀၂၀ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ လုပ်ဆောင်ပေးမယ်လို့ ပြောထားတာကို ကြားသိရပါတယ်။ အဲဒီလုပ်ဆောင်ပေးမယ်ဆိုပြီး မှ စီမံကိန်းအမှတ်စဉ် ၂၅ မှာပါဝင်တယ်ဆိုပြီးမှ အစောပိုင်းကလည်း ကြားသိရပါတယ်။ အခု ဝန်ကြီးဖြေကြားသွားတာက ၂၀၁၉-၂၀၂၀ မှာလည်း ဒီစီမံကိန်းအမှတ်စဉ် ၂၅ ပါဝင်ပါရဲ့လား။ ကျွန်တော်တို့အနေနဲ့ ဒီဟာကြီးကို ဒီအတိုင်းထားမယ်ဆိုရင်တော့ နောင်နှစ်အတွက်ဆိုရင်တော့ ဘုန်းတော်ကြီးကျောင်းကြီးက ရှိကောရှိပါဦးမလားလို့ အင်မတန်မှပဲ စိတ်ပူနေရပါတယ်။ သို့ဖြစ်ပါ၍ ဝန်ကြီးအနေနဲ့ တိတိကျကျဖြစ်နိုင်ရင်တော့ ၂၀၁၈-၂၀၁၉ မှာ မဖြစ်နိုင်ရင်တောင်မှ ၂၀၁၉-၂၀၂၀ မှာ အမှန်တကယ်လုပ်ဆောင်ပေးနိုင်ဖို့အတွက် အစီအစဉ်ရှိမရှိကို ကျွန်တော့်အနေနဲ့ ဆက်စပ်မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းဟာလည်း အမှန်တော့ မေးသင့်ပါတယ်။ ကျွန်တော်လည်း ကိုယ်ချင်းစာပါတယ်ခင်ဗျား။ ခုနပြသွားတဲ့ပုံတွေအရဆိုရင်လည်း ဘုန်းတော်ကြီးကျောင်းက ရေစပ်နှင့်နီးကပ်နေတယ်ဆိုတာကို သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ဌာနအနေနဲ့က ကွင်းဆင်းတိုင်းတာစိစစ်တယ်။ စိစစ်ပြီးတော့ ဆောင်ရွက်ရန်လိုအပ်တဲ့လုပ်ငန်းပမာဏနဲ့ လိုအပ်တဲ့ရန်ပုံငွေတို့ကို တွက်ချက်ပြီးတော့ ကျွန်တော်တို့က ဒီတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကို တင်ပြရတာဖြစ်ပါတယ်။ သူတို့ တိုင်းတာစစ်ဆေးတဲ့အခါမှာ ကျွန်တော်တို့က ခုနတင်ပြသွားတဲ့ ဦးစားပေးအစီအစဉ်ရေးဆွဲတဲ့နေရာမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစီအစဉ်နှင့် သူတို့အနေနဲ့က ဆုံးဖြတ်ရတာပါ။ ဒါပေမဲ့ ကျွန်တော်တို့ ဌာနအနေနဲ့က

**မူကြမ်း**

ကျွမ်းကျင်တဲ့ဌာနတစ်ခုအနေနဲ့က အားလုံးပေါင်း ဒီဦးစားပေးသတ်မှတ်တဲ့နေရာမှာ အမှတ်ပေးစနစ်နဲ့ တင်ပြရပါတယ်။

အဲဒီမှာတော့ ကျွန်တော်တို့ အားလုံးပေါင်း အချက် ၁၁ ချက်ရှိပါတယ်။ ပြီးတော့ ဒီထဲမှာလည်း ကျွန်တော်တို့က ခုနပြောသလို လူနေအိမ်များ၊ အစိုးရအဆောင်များ၊ သာသနိကအဆောင်များနှင့် အဆောက်အဦများနှင့် နီးကပ်ခြင်းဆိုတဲ့အချက်လည်း အမှတ်ပေးတဲ့ စာရင်းထဲမှာပါပါတယ်။ သာသနိကအဆောက်အဦများနှင့် နီးကပ်ခြင်းဆိုတာလည်း ကျွန်တော်တို့က ဘယ်လောက်နီးကပ်လည်းအပေါ် မူတည်ပြီးတော့ ပိုပြီးတော့ နီးကပ်တဲ့ အဆောက်အဦတွေအတွက်ကို ပိုပြီးတော့ ဦးစားပေးအမှတ် ပိုပေးတဲ့အနေအထားမှာ ရှိပါတယ်။ ဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပေါ့နော် မှန်ပါတယ်။ အခု ရှမ်းပြည်နယ်အစိုးရအဖွဲ့ကတော့ ကျွန်တော်တို့က ရန်ပုံငွေချထားပေးတဲ့ဟာ ဖြစ်တာပေါ့။ ကျွန်တော်တို့ ဝန်ကြီးဌာနကတော့ ကျွန်တော်တို့အနေနဲ့က ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာပဲ ကျွန်တော်တို့က ပံ့ပိုးကူညီပေးတာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့က အခုတိုင်းက ၂၀၁၉-၂၀၂၀ မှာ ၁ ကနေပြီးတော့ ၁၁ အထိ ပါတယ်ဆိုတဲ့အတွက် ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ဒီဘုန်းတော်ကြီးကျောင်း အမှတ်စဉ်(၂၅) မှာရှိတဲ့အတွက် မပါသေးဘူးဖြစ်ပါတယ်ခင်ဗျား။ ဒီဟာကတော့ ကျွန်တော်အနေနဲ့ကတော့ အကြံပြုချင်တာကတော့ ဒီဒေသအာဏာပိုင် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဒီဘုန်းတော်ကြီးကျောင်းရဲ့ အခြေအနေကို ထပ်မံတင်ပြပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့က ဦးစားပေးအစီအစဉ်ကို ပြန်လည်စိစစ်သုံးသပ်ပြီး စဉ်းစားပေးမယ်ဆိုရင်တော့ ဖြစ်နိုင်ချေရှိမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ လိုအပ်တဲ့နည်းပညာ အကူအညီအထောက်အပံ့များကို ပေးသွားမှာဖြစ်ပါတယ်။ ရန်ပုံငွေကတော့ ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ဆုံးဖြတ်တာဖြစ်တဲ့အတွက် ဒီလိုပဲ အကြံပြုချင်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် လေးမြို့နယ်နှင့် လှိုင်သာယာ၊ ရွှေပြည်သာမြို့သစ် ခြောက်မြို့နယ်တွင် တိကျသည့်နယ်နိမိတ်သတ်မှတ်ချက်၊ တိကျသည့် စည်းကမ်းသတ်မှတ်ချက်များချမှတ်ကာ တရားဝင်မှတ်ပုံတင်စေပြီး အချိန်ကာလတစ်ခု အထိရည်ရွယ်၍ မော်တော်ဆိုင်ကယ်စီးနင်းခွင့်ပြုပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးအေးနိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း

**မူကြမ်း**

ဝင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ် (တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းသွားမည့်အဆိုကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်လေးမြို့နယ်နှင့် လှိုင်သာယာ၊ ရွှေပြည်သာမြို့သစ်များအပါအဝင် ခြောက်မြို့နယ်တွင် တိကျသည့်စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ကာ တရားဝင်မှတ်ပုံတင်စေပြီး အချိန်ကာလတစ်ခုထိရည်ရွယ်၍ မော်တော်ဆိုင်ကယ် စီးနင်းခွင့်ပြုပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုတင်သွင်းရသည့်ရည်ရွယ်ချက်မှာတော့ ရန်ကုန်မြို့ရဲ့ဆင်ခြေဖုံးအရပ် တွေလည်းဖြစ်၊ မြို့သစ်တွေလည်းဖြစ်တဲ့နေရာတွေမှာနေတဲ့ ပြည်သူတွေအတွက် ဆက်သွယ်သွားလာ ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းစနစ်ကျနရေး၊ တရားဥပဒေစိုးမိုးရေးရည်ရွယ်ပြီး ပြည်သူ့ လွှတ်တော်ကြီးနှင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရတို့က စဉ်းစားဆောင်ရွက်ပေးနိုင်ဖို့ တင်သွင်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်မြို့တော်နယ်နိမိတ်ကို လေ့လာ ဆန်းစစ်မယ်ဆိုရင် မြို့တော်စည်ပင်ထိန်းချုပ်မှုအောက် ၃၃ မြို့နယ်ရှိတဲ့ထဲမှာ မတူကွဲပြားတဲ့ အခြေအနေတွေအရ သုံးမျိုးရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။ တစ်ပိုင်းကတော့ Down Town Area ဖြစ်ပါတယ်။ မြို့လယ်ဒေသမို့ လူဦးရေသိပ်သည်းမှုသိသာထင်ရှားပြီးတော့ မြို့မဧရိယာတွေဟာ တစ်ခုချင်းဆီအနေနဲ့ အတော်လေးကျဉ်းမြောင်းပါတယ်။ တစ်နေရာနဲ့တစ်နေရာ၊ တစ်မြို့နဲ့တစ်မြို့ဟာ သွားလာဆက်သွယ်ရေးအင်မတန်လွယ်ကူကြတယ်။ YBS ကားလိုင်းတွေကလည်း ကားလမ်းမကြီးတိုင်း မှာရှိပါတယ်။ အများပြည်သူအတွက် Public Transport ရှိတဲ့နေရာကိုရောက်ဖို့အတွက် လမ်းလျှောက်သွားရင်တောင်မှ ဘယ်နေရာပဲဖြစ်ဖြစ် ၁၀ မိနစ်အတွင်းရောက်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ကတော့ ရန်ကုန်ရဲ့အများစုဖြစ်တဲ့ မရမ်းကုန်းကနေ ဒဂုံ-မင်္ဂလာတောင်ညွန့်ထိတောင် တောင်မြောက်ရှိနေတဲ့ တစ်မြို့ဆီဧရိယာကျယ်ဝန်းတဲ့အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာ အများပြည်သူသယ်ယူပို့ဆောင်ရေးကွင်းဟာ အင်မတန်စေ့စပ်ပါတယ်။ လိုင်းကားမရှိတဲ့ နေရာတွေကလည်း အေးချမ်းပြီးတော့ ယာဉ်ကြောမကြပ်တဲ့အတွက် ဆိုက္ကား၊ စက်ဘီးစတာတွေနဲ့ ပြည်သူတွေသွားလာကြသလို ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်တွေဟာလည်း အချိန်မရွေးအသုံးပြုနိုင်ဖို့ ပြည့်လို့နေတာ သတိထားမိကြမှာဖြစ်ပါတယ်။ ဒါတောင်မှ အင်းစိန်၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာ၊ ဒေါပုံ၊ သာကေတ၊ ဒလမြို့နယ်တွေမှာလည်း အချိန်ကာလတစ်ခုထိတောင်မှ မော်တော်ဆိုင်ကယ်စီးနင်းခွင့် ဖြည့်စွက်ပေးနေရဦးမှာဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့တင်တဲ့အဆိုမှာပါဝင်တဲ့ မြို့ပြင်လည်းဖြစ်၊ ဆင်ခြေဖုံးလို့လည်းခေါ်နိုင်ပြီး ၁၉၈၈ ခုနှစ်အလွန်မှာတည်ထောင်ခဲ့တဲ့ မြို့သစ်ခြောက်မြို့နယ်ကတော့ ခုနကတင်ပြခဲ့တဲ့ မြို့လယ်ဒေသ၊ မြို့ပြဒေသနဲ့ သဘာဝချင်းအင်မတန်ကွဲပြားပါတယ်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးဟာ အလယ်တစ်ကြောကလွဲပြီး ဘာမှမရှိတာတွေ့ရပါတယ်။ မြို့လယ်လမ်းမကြီး တစ်ခု သို့မဟုတ် နှစ်ခုလောက်မှာပဲ Bus Car ပြေးဆွဲနေကြပြီးတော့ ကျွန်တော်တို့ပြည်သူအများစုဟာ ဆိုက်ကား၊ စက်ဘီး၊ ဆိုင်ကယ်များနှင့် ကားဂိတ်များ၊ ကားမှတ်တိုင်များကို တစ်ဆင့်သွားရောက်နေကြရ ပါတယ်။

ဒါ့အပြင် ရန်ကုန်တိုင်းတစ်ခုလုံးမှာ လူဦးရေအများဆုံးဖြစ်တဲ့လှိုင်သာယာနဲ့ ဒုတိယအများဆုံးဖြစ်တဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မှာ အရပ်ရပ်ကပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းအတွက် လာရောက်အခြေချနေထိုင်ပြီးတော့ စက်မှုဇုန်ကြီးတွေမှာ အလုပ်လုပ်နေကြပါတယ်။ အလုပ်သမားတွေ များစွာသွားလာနေတဲ့ အဆိုပါစက်မှုဇုန်ကြီးထဲကို ဘယ်ယာဉ်လိုင်းမှ ပြေးဆွဲပြီးတော့မဆွဲနိုင်ကြပါဘူး။ ဒါကြောင့်မို့လို့ ခြေလျင်တစ်မျိုး၊ စက်ဘီးနှင့်တစ်မျိုး၊ ဆိုင်ကယ်တစ်မျိုးနှင့်သွားလာနေကြပါတယ်။ ဆိုင်ကယ်ရဲ့အသုံးဝင်မှုက မဖြစ်မနေလိုအပ်နေပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးရေများပြားလာခြင်း၊ ယာဉ်များစည်းကမ်းစနစ်တကျမောင်းနှင်မှုမရှိခြင်း၊ ပြိုင်မောင်းခြင်းများကြောင့် ယာဉ်အန္တရာယ်များပြားလာသဖြင့် ယာဉ်အန္တရာယ်လျော့နည်းရေးအတွက် ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစပြီးတော့ မော်တော်ဆိုင်ကယ်များဟာ ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မှတ်ပုံတင်ခွင့်၊ စီးနင်းခွင့်မရှိကြောင်းတွေ့ရှိရပါတယ်။ ရှုပ်ထွေးကြပ်တည်းနေတဲ့မြို့လယ်ခေါင် Down Town Area နေရာတွေမှာ မော်တော်ဆိုင်ကယ်မရှိတဲ့အတွက် ဘေးအန္တရာယ်နည်းပါးသွားသလို တစ်ဖက်မှာလည်း ပြည်သူလူထုသွားလာရေးအတွက် ခက်ခဲမှုအင်မတန်နည်းပါတယ်။ မိနစ်ပိုင်းအတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေး Public Transport ရှိရာဆီရောက်အောင်သွားနိုင်ပါတယ်။ ခုဆိုရင် YBS စနစ်ကလည်း တစ်နေ့ထက်တစ်နေ့အဆင့်မြင့်လာပြီး မကြာခင် Electronic Payment ထိ သွားတော့မှာဖြစ်တယ်။ ယာဉ်လိုင်းတွေကလည်း တိုးတိုးလာသလို ယာဉ်တွေကလည်းအဆင့်မြင့်လာပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လို မြို့သစ်မှာတော့ အခြေအနေက တစ်မျိုးဖြစ်ပါတယ်။ YBS လိုစနစ်ကလည်း ကျယ်ပြန့်တဲ့မြို့တစ်ခုလုံးကို ဘယ်လိုမှလွှမ်းခြုံနိုင်ခြင်းမရှိပါဘူး။ မြို့လယ် Down Town တစ်ခုလုံးထက် ကျွန်တော်တို့မြို့နယ်ခြောက်မြို့နယ်က ဧရိယာပိုကျယ်ပြန့်တဲ့အခါ ကျွန်တော်တို့ မြို့သစ်ခြောက်မြို့နယ်လုံးကို မြို့လယ်လို Bus Car ကွန်ရက်လုပ်ပေးပါလို့လည်း တောင်းဆိုလို့ရမှာမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့မြို့သစ်ပြည်သူတွေအတွက်ကရွေးစရာလမ်းမရှိပါဘူး။ ဈေးနှုန်းသက်သာသလို လူလည်းမပင်ပန်းဘဲ အရောက်ပို့ပေးနိုင်တဲ့၊ လောင်စာဆီဖိုးလည်းမကုန်ကျလှတဲ့ မော်တော်ဆိုင်ကယ်တွေကို သုံးနေရတာဟာ တကယ့်အဖြစ်မှန်ပဲဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဒဂုံမြို့သစ်(တောင်ပိုင်း)တစ်ခုတည်းမှာတင် မော်တော်ဆိုင်ကယ် ခန့်မှန်းအရေအတွက် အနည်းဆုံး ၃၀၀၀ အထက်ရှိပြီးတော့ လှိုင်သာယာမှာ အနည်းဆုံး ၆၀၀၀ အထက်ရှိနိုင်ပါတယ်။ ခြောက်မြို့နယ်စလုံးပေါင်းမယ်ဆိုရင် ဆိုင်ကယ် သောင်းဂဏန်းအနည်းဆုံးဖြစ်ပါတယ်။ ပြည်သူတွေဟာ ဒီမော်တော်ဆိုင်ကယ်တွေကိုပဲ အားကိုးပြီးတော့ သူတို့ရဲ့လုပ်ငန်းခွင်၊ ဈေး၊ ကျောင်း၊ ဆေးရုံစတဲ့နေရာတွေကို လွယ်ကူလျင်မြန်စွာသွားလာနေကြရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူတွေက တည်ဆဲဥပဒေ၊ အမိန့်၊ ကြော်ငြာစာတွေရဲ့ပြင်ပကိုရောက်နေပါတယ်။ ပြည်သူတွေဟာ ဥပဒေဘောင်အတွင်းမှာ ဥပဒေနဲ့အညီနေချင်ပါလျက်နဲ့ ဥပဒေပြင်ပကိုရောက်ရှိနေပါတယ်။ အနှစ် ၂၀ လုံးလုံး ဥပဒေပြင်ပမှာနားလည်မှုနဲ့ ကျွန်တော်တို့ပြည်သူတွေဟာ မော်တော်ဆိုင်ကယ်တွေနဲ့ ဘဝကို အသက်ဝင်လှုပ်ရှားနေရပြီးတော့ သူတို့ရဲ့အသက်မွေးဝမ်းကြောင်းကိစ္စတွေ၊ ပညာသင်ကြားရေးနှင့် ကျန်းမာရေးတွေလုပ်နေရပါတယ်။ အဲဒီလိုဥပဒေထဲကမဟုတ်ဘဲ နားလည်မှုနဲ့လုပ်တဲ့အခါမှာ

အရေးကြီးဆုံးပြဿနာတွေဖြစ်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တရားဥပဒေစိုးမိုးရေးနဲ့လုံခြုံရေးတွေမှာ လာထိခိုက်လာပါတယ်။ ဒီကနေ့ လမ်းမကြီးနဲ့လမ်းသွယ်တွေဟာ ကတ္တရာလမ်းတွေ၊ ကွန်ကရစ်လမ်းတွေဖြစ်နေတဲ့အတွက် ပြည်သူတွေတစ်ချိန်က Accident ဖြစ်ရင် ကျိုးပဲ့ရုံပဲဖြစ်ပေမဲ့ အခုတော့ On the spot အသက်ဆုံးရှုံးရပါတယ်။ ဒါပေမဲ့ ယာဉ်လိုင်စင်၊ လူလိုင်စင်၊ မော်တော်ဆိုင်ကယ်ဦးထုပ်ဆောင်းဖို့အသိပညာပေးအောင်ကိုလည်း ဥပဒေပြင်ပမှာမို့ သိမ်းသွင်းလို့ခက်ပါတယ်။ အလားတူပဲ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မီးပွိုင့်နဲ့ ဦးစားပေးယာဉ်ကြောကိစ္စတွေ ပညာပေးဖို့ဆိုတာကလည်း တရားမဝင်ဖြစ်နေတော့ ယာဉ်ထိမ်းရဲတွေမှာလည်း ဒီကိစ္စကိုဖြေရှင်းမရနဲ့ စိတ်မသက်မသာလက်ပိုက်ကြည့်နေရပါတယ်။ ဥပဒေစိုးမိုးရေးအပိုင်းကြည့်တဲ့အခါမှာလည်း လူမှုကွန်ရက်၊ သတင်းမီဒီယာတွေမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဆိုင်ကယ်ပေါ်ကနေရပြီးတော့ ပိုက်ဆံအိတ်လုတာတွေ၊ ဆိုင်ကယ်ပေါ်ကနေ ထိခိုက်နာကျင်အောင်ကျူးလွန်တာတွေ ဒါတွေဖြစ်ပါတယ်။ ဒါပေမဲ့ တရားဝင်ပိုင်ဆိုင်မှုရှာမတွေ့တဲ့ ဆိုင်ကယ်တွေအဖြစ်တွေ့နေရပါတယ်။ ပြစ်မှုတစ်ခုဖြစ်ရင် နောက်ကြောင်းကိုလိုက်ဖို့ကလည်း အင်မတန်ခက်ပါတယ်။ တရားဝင်ဥပဒေနဲ့အညီခွင့်ပြုတာနဲ့အမျှ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်၊ ဆိုင်ကယ်ဦးထုပ်၊ လမ်းစည်းကမ်းအပါအဝင် လုံခြုံမှု၊ ဘေးကင်းမှု၊ ဥပဒေစိုးမိုးမှုအားလုံးဟာ တစ်နွယ်ဝင်တစ်ဇင်ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း မော်တော်ဆိုင်ကယ်စီးနင်းဖို့အတွက် တိကျတဲ့နယ်နိမိတ်သတ်မှတ်ချက်တွေက မလွဲမသွေလိုအပ်နေပါတယ်။ ဥပမာ-ဒဂုံ(တောင်ပိုင်း)မှာဆိုရင် အသုံးပြုနေတဲ့မော်တော်ဆိုင်ကယ်ဟာ ငမိုးရိပ်ချောင်းတံတား ဖြစ်တဲ့ ငမိုးရိပ်တံတား သဃ်န်းကျွန်းဘက်ကို တောင်ဥက္ကလာဘေလီတံတား စတာတွေအနားကိုရောက်တာနဲ့ လှိုင်သာယာမှာဆိုရင်လည်း ဘုရင့်နောင်တံတားနားကိုရောက်တာနဲ့ အရှေ့မှာ ဆိုင်ကယ်စီးခွင့်မရှိတော့ကြောင်းဆိုင်းဘုတ်တွေ၊ အချက်ပြသင်္ကေတတွေ ပြတ်ပြတ်သားသားသတ်မှတ်ချထားရမှာဖြစ်ပါတယ်။ အချိန်ကာလအနေနဲ့လည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျွန်တော်တို့မြို့သစ်တွေကို Down Town Area လို YBS ကွန်ရက်တွေဖြန့်ကျက်နိုင်တဲ့အခါမှာ ဒီကိစ္စကိုဖြည်းဖြည်းချင်းပြန်ရုပ်သိမ်းလို့လည်း ရမှာဖြစ်ပါတယ်။

ဒါကြောင့် လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အကောင်းဆုံးစဉ်းစားပေးမှုအနေနဲ့အတူ ကျွန်တော့်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးက လက်ခံဆွေးနွေးဆုံးဖြတ်ပေးပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါကတော့ လှိုင်သာယာနဲ့ Down Town Area က လှိုင်မြစ်ကြီးခြားနေပါတယ်။ ထို့အတူ ဒဂုံ(မြောက်ပိုင်း)၊ ဒဂုံ(တောင်ပိုင်း)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(အရှေ့ပိုင်း)နှင့် ငမိုးရိပ်မြစ်ကြီးခြားနေပါတယ်ခင်ဗျား။ ဒါကတော့ လှိုင်သာယာပြည်သူများက မဖြစ်မနေစီးရတဲ့အတွက် ဆိုင်ကယ်ကိုအသုံးပြုနေပုံဖြစ်ပါတယ်။ ဒါကတော့ မန္တလေးမြို့မှာ စည်းကမ်းစနစ်တကျနဲ့ ဆိုင်ကယ်စီးနင်းခွင့်ပြုထားတာဖြစ်ပါတယ်။ ဒါကတော့ ပဲခူးမြို့မှာ ဆိုင်ကယ်စီးနင်းခွင့်ပြုထားတာ ဖြစ်ပါတယ်။ ဒါကတော့ ထားဝယ်မြို့မှာ စနစ်တကျစီးနင်းခွင့်ပေးထားတာဖြစ်ပါတယ်။ ဒါကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)အပါအဝင် မြို့သစ်လေးခုမှာ မဖြစ်မနေစီးနေကြတာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေးနိုင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အား ဖိတ်ခေါ်ပါတယ်။

**ဦးရဲလွင်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲလွင် ဖြစ်ပါတယ်ခင်ဗျား။ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသွားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် လေးမြို့နယ်နှင့် လှိုင်သာယာ၊ ရွှေပြည်သာမြို့သစ် ခြောက်မြို့နယ်မှ တိကျတဲ့နယ်နိမိတ်သတ်မှတ်ချက်၊ တိကျတဲ့ စည်းကမ်းသတ်မှတ်ချက်များချမှတ်ကာ တရားဝင်မှတ်ပုံတင်စေပြီး အချိန်ကာလတစ်ခုထိရည်ရွယ်၍ မော်တော်ဆိုင်ကယ် စီးနင်းခွင့်ပြုပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ကိုယ်စားလှယ်ကြီး ဦးအေးနိုင်တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်များအားလုံး ကြားသိပြီးတဲ့အပြင် သူတင်ပြတဲ့အကြောင်းနှင့် အကျိုးကို အားလုံးထင်သာမြင်သာရှိပြီး ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အကြောင်းအချင်းအရာကို အားလုံးသိပြီးသားဖြစ်သလို ဘယ်လို အကျိုးရလဒ်များ ဖြစ်သင့်တယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ အများကြီးပြောစရာမလိုတော့ပါဘူး။ ဒါပေမဲ့ နိုင်ငံရေးအတွေးလေးတစ်ခုတော့ ပြောချင်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရေးလောကမှာ လူသိများတဲ့စကားတစ်ခွန်းရှိပါတယ်။ တံခါးတွေဖွင့်လိုက်ရင် လေကောင်းလေသန့်တွေဝင်လာမယ်။ ဒါပေမဲ့ ခြင်တွေ၊ ယင်တွေ၊ ပိုးကောင်တွေလည်း ပါလာမယ်လို့ ဆိုပါတယ်။ အခုအဆိုဖြစ်တဲ့ ဆိုင်ကယ်တွေ၊ တရားဝင်စီးနင်းဖို့ကိစ္စဟာ စဉ်းစားကြည့်မယ်ဆိုလို့ရှိရင် ဆိုင်ကယ်တွေဟာ ပိတ်ထားတဲ့ဥပဒေတံခါးနောက်မှာ ရောက်နေပြီးတော့ စီးနင်းသူတွေဟာ ကျွန်တော်တို့ရဲ့ ပြည်သူတွေဖြစ်နေပါတယ်။ သူတို့မှာ ဥပဒေအကာအကွယ်မရှိဘူး။ ဥပဒေနှင့်လည်း မညီကြဘူးဖြစ်နေပါတယ်။ ဥပဒေတံခါးဖြစ်နေတဲ့ ဒီနေ့အဆိုအတိုင်း အားလုံးကို ဥပဒေဘောင်အတွင်း သွတ်သွင်းလိုက်မယ်ဆိုရင် ဥပဒေအောက်ကို ရောက်ရှိစေမယ်။ ဥပဒေအရ တရားဝင်စည်းနင်းသုံးစွဲ ခွင့်ရှိမယ်ဆိုရင် ရရှိတဲ့အကျိုးကျေးဇူးရလဒ်က အင်မတန်မှ ကြီးမားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဝင်ဆိုင်ကယ်စီးနင်းခွင့်ပေးမယ်ဆိုရင် ကားမောင်းနေတဲ့ ကျွန်တော့် မိတ်ဆွေတစ်ဦးက ပြောပါတယ်။ အခုတောင် ဒီလောက်စည်းကမ်းမဲ့ဖြစ်နေတာ ဆိုင်ကယ်တွေ တရားဝင်ဖြစ်နေရင် ကျွန်တော်တို့မောင်းလို့ ဘယ်လိုရမှာလဲ။ ဒါလည်း စဉ်းစားစရာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သုံးသပ်ချက်အရ စည်းကမ်းထဲကို ထည့်မထားတဲ့ အကြောင်းအရာ တွေကြောင့် စည်းကမ်းဆက်ပြီးမဲ့နေရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာတွေက စည်းကမ်း မလိုက်နာသူတွေမဟုတ်ပါဘူး။ မြန်မာပြည်ထဲမှာတောင် ကွမ်းစားပြီး ကွမ်းတံတွေးထွေးနေတာပါ။ အိမ်နီးချင်း စင်ကာပူနိုင်ငံလောက်ရောက်တာနဲ့ မထွေးတော့ပါဘူး။ စည်းကမ်းကို လိုက်နာရ ကောင်းမှန်း အားလုံးသိကြပါတယ်။ ကျွန်တော်တို့လွှတ်တော်၊ ကျွန်တော်တို့အစိုးရ စည်းကမ်းကို တိတိ ကျကျပြဋ္ဌာန်းပြီး ပညာပေးနိုင်ဖို့နှင့် စည်းကမ်းအတိုင်းအရေးယူဖို့ကိုပဲ လိုအပ်ပါတယ်။ ထပ်ပြောရ မယ်ဆိုရင် မြန်မာတွေမညံ့ပါဘူး။ စည်းကမ်းစနစ်တကျမှန်ကန်ဖို့နှင့် လက်တွေ့ကျဖို့ပဲ လိုအပ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ အဆိုရှင်ပြောသွားသလိုပဲ စည်းကမ်းဥပဒေကို တည်ဆောက်ကြတဲ့အချိန်၊ တရားဥပဒေစိုးမိုးရေး ကိုတည်ဆောက်ကြတဲ့အချိန်၊ ပြည်သူတွေရဲ့လုံခြုံရေးကို တည်ဆောက်ကြတဲ့ အချိန်၊ တစ်ပြိုင်တည်းမှာပဲ ပြည်သူတွေရဲ့လွတ်လပ်ခွင့်ကို တည်ဆောက်နေရတဲ့အချိန်မှာ ကျွန်တော် တို့ လွှတ်တော်နှင့် အစိုးရရဲ့ လက်ရှိပကတိအခြေအနေအမှန်ကို အမှန်အမှန်အတိုင်း နားလည်နိုင်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ စိတ်ကူးယဉ်အမှန်တရားဆိုတဲ့အထဲမှာ ကျွန်တော်တို့ နစ်မြောနေ မလား။ လက်တွေ့ကျတဲ့ ဒီနေ့ လူနေမှုအစနစ်အရ ဖြစ်ပေါ်နေတဲ့ အခြေအနေမှန်ကို လက်ခံပြီး ဆုံးဖြတ်မလားဆိုတာ စဉ်းစားစရာဖြစ်နေပါပြီ။

ကျွန်တော်တို့က တံခါးဆက်ပိတ်ပြီး အမွန်းအကြပ်ခံနေလို့လည်း ရပါတယ်။ ဒါပေမဲ့ စည်းကမ်း မလိုက်နာနိုင်တဲ့ လိုက်နာဖို့မလိုတဲ့ ဆိုင်ကယ်တွေကလည်း ပိုးကောင်ပမာ ကျွန်တော်တို့ထဲမှာ ရောက်ရှိ နေပါပြီ။ သူတို့က တခြားသူများတော့ မဟုတ်ပါဘူး။ ဘဝအခြေအနေအရ လုပ်ဆောင်နေရတဲ့ တစ်နည်းအားဖြင့် ဥပဒေကို မကျော်လွန်ချင်ပဲ ကျော်လွန်နေရတဲ့ ကျွန်တော်တို့ရဲ့ ပြည်သူတွေပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကတော့ တံခါးကို ဆက်ပြီးဖွင့်စေချင်ပါတယ်။ ဒါကြောင့် လေကောင်းလေသန့်လည်း ရချင်ပါတယ်။ စည်းကမ်းအပြင်က ပြည်သူတွေကိုလည်း နည်းလမ်း အောက်ထည့်သွင်းပြီးတော့ ပျော်ပျော်ရွှင်ရွှင်နေစေချင်ပါတယ်။ ဒါကြောင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးအေးနိုင်၏ အဆိုကို ပြည်သူ့လွှတ်တော်ကြီးက လက်ခံဆွေးနွေးဖို့ ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က ဦးအေးနိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးအေးနိုင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ မိုက်ပေးပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုတစ်ခုလုံးနှင့်ဆိုင်တဲ့အဆို မဟုတ်ပါဘူး။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာသာ တင်သွင်းတဲ့အဆိုဖြစ်ပါတယ်။ ဒီပြည်ထောင်စုလွှတ်တော်မှာ ဆိုရင် မေးခွန်းလောက်ပဲ မေးသင့်တဲ့အဆိုလို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ကန့်ကွက် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဗိုလ်မှူးဇင်လင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ မှာ ၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ(ဂ)မှာ တိုင်းဒေသကြီး/ပြည်နယ် အတွင်းသာ သွားလာသည့်ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးလို့ ပြဋ္ဌာန်းထားပါတယ်။ ဒါဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီကိစ္စက အဆိုတင်သွင်းတဲ့နေရာမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၁၅၉ မှာ ဥက္ကဋ္ဌရဲ့လုပ်ပိုင်ခွင့် ဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးအနေနဲ့ အဆုံးအဖြတ်ပေးဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒီကိစ္စနှင့်ပတ်သက်ပြီးမှ ကန့်ကွက်တဲ့သူရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒကိုရယူမှာဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြုပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူရှိတဲ့အတွက် အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ထောက်ခံသူများပါက အဆိုကို လက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ကန့်ကွက်သူများပါက အဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးလို့ရပါပြီ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့မဲဆန္ဒစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၅၀ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၆၅ မဲ၊ ကြားနေဆန္ဒမဲ ၃ မဲဖြစ်ပါတယ်။

## ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးအေးနိုင် တင်သွင်းတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ၄ မြို့နယ်နှင့် လှိုင်သာယာ၊ ရွှေပြည်သာ မြို့သစ်(၆) မြို့နယ်အတွင်း တိကျသည့် နယ်နိမိတ်သတ်မှတ်ချက်၊ တိကျသည့် စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ကာ တရားဝင်မှတ်ပုံတင်စေပြီး အချိန်ကာလတစ်ခုအထိ ရည်ရွယ်၍ မော်တော်ဆိုင်ကယ်စီးနင်းခွင့်ပြုပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့(၂၈-၁-၂၀၁၉ ရက်နေ့)က တင်သွင်းခဲ့တဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်စာနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဆောင်ရွက်မှုအစီရင်စာ(၃/၂၀၁၈)နဲ့ပတ်သက်ပြီးမှ ဆွေးနွေးသွားမှာ

ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုရှင်းလင်းစွာတင်ပြနိုင်ဖို့ Power Point ဖြင့် အသုံးပြုခွင့်ပြုပါ ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အကြံပြုချက် အပိုဒ် ၁၃ မှာပါတဲ့ ဝန်ကြီးများနဲ့ကြယ်ပွင့်ပြ မေးခွန်းများ စာဖြင့်ဖြေကြားတယ်ဆိုတဲ့စာပိုဒ်မှာ မြေပြင်အခြေအနေနဲ့ ကိုက်ညီမှုမရှိခြင်း၊ လုပ်ငန်းရှင် များက လိုက်နာရန်ငြင်းဆန်နေခြင်းနှင့် ပြည်သူအချင်းချင်း နားလည်မှုလွဲမှားစေခြင်းမျိုးမဖြစ်ရလေ အောင် ဌာနဆိုင်ရာ၊ ဒေသဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့် ဒေသခံပြည်သူလူထု သဘောထားနှင့်အညီ ကိုက်ညီအောင်ညှိနှိုင်းပြီးမှ ကတိအဖြစ် ဖြေကြားပေးသင့်သည်ဆိုတဲ့ စကားရပ်နဲ့အတူ ကျွန်တော့်ရဲ့ မေးခွန်းနှစ်ခုကို ဥပမာပေးထားတာနဲ့ပတ်သက်ပြီးမှ ဒီအကြံပြုချက်ဟာ လွဲမှားနေတဲ့အတွက် ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး သိရှိနိုင်အောင် ကျွန်တော်ရှင်းလင်းတင်ပြသွား မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကြက်မွေးမြူရေးဇုန်ကို ပြည်သူတွေရဲ့တောင်းဆိုချက်အရ မေးခွန်း မေးခဲ့တာဖြစ်ပါတယ်။ တမူးမြို့နယ်မှာ လုပ်ငန်းရှင် ၅၃ ဦး၊ ကြွက်အကောင်ရေ ၆၀၀၀၀ ဝန်းကျင်ခန့် မွေးမြူကြပြီး အများစုက မြို့ပေါ်ရပ်ကွက်တွေအထဲမှာ ရှိပါတယ်။ ဒါကြောင့်မို့ မြို့ပေါ်ရပ်ကွက်အထဲ မှာရှိတဲ့ ကြက်ခြံတွေရဲ့အနီးမှာရှိတဲ့ ပတ်ဝန်းကျင်အိမ်တွေက အနံ့အသက်မကောင်းတာတွေ၊ ကူးစက် ရောဂါရနိုင်တာတွေ၊ ယင်ကောင်တွေများတာတွေ၊ ကြက်တွေများတာတွေအတွက် ရပ်ကွက်နေပြည်သူ တွေက ပြောင်းရွှေ့ဖို့တင်ပြတောင်းခံကြတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ၂၇-၁-၂၀၁၇ ရက်နေ့မှာ ကျွန်တော်စတင်ပြီးမှ အစည်းအဝေးခေါ်ခဲ့ပါတယ်။ အဲဒီမှာ မွေးမြူရေးလုပ်ငန်းရှင်တွေက လမ်း၊ ရေ၊ မီး၊ မြေနေရာအဆင်ပြေလျှင် ပြောင်းရွှေ့ကြမည်ဖြစ်ပြီးမှ တစ်ဆင့်ချင်းရရှိအောင် ဆောင်ရွက်ပေးကြဖို့ ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ Power Point မှာတင်ပြထားတဲ့ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ မှာ တိုင်းဒေသကြီးအစိုးရကို မြေဧက ၈၀ ရရှိခွင့်နဲ့ အဲဒီမြေနေရာကို ရှင်းလင်းဖို့ စက်သုံးဆီရရှိခွင့် တင်ပြထားတဲ့ Power Point ဖြစ်ပါတယ်။ ဒါတော့ ဧပြီလ ၄ ရက်နေ့မှာ မြေအခြားအသုံးပြုခွင့် ပုံစံ(၄)နဲ့ ပတ်သက်ပြီးမှ သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနက ခရိုင်အုပ်ချုပ်ရေးစီမံခန့်ခွဲမှုကော်မတီကို တင်ပြတဲ့ စာဖြစ်ပါတယ်။ အဲတော့ ကျွန်တော့်အနေနဲ့ ဒီလိုလုပ်ဆောင်နေတာဟာ လုပ်ငန်းနှောင့်နှေးနေတာဖြစ် တဲ့အတွက် ပိုပြီးမှမြန်ဆန်အောင် ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ လွှတ်တော်သို့ ကြယ်ပွင့်မပြ မေးခွန်း ကျွန်တော်မေးမြန်းခဲ့ပါတယ်။ အဲဒီမှာ လုပ်ငန်းတွေကိုတစ်ဆင့်ချင်းဆောင်ရွက်သွားမယ်ဆိုတာ လည်းပါပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှာတော့ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ကနေ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဧက ၈၀ ပေါ်မှာ ဆောင်ရွက်ရန်လျာထားပြီး မြေဧက ၈၀ အား အသုံးပြုခွင့်ရနိုင်ရေး အတွက် မြေယာဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါ တယ်။ သို့ပေမဲ့ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ အကောင်အထည်မဖော်လာတဲ့အတွက် သက်ဆိုင်ရာ ဌာနကို မေးမြန်းရာမှာ ဌာနက ဒီဧက ၈၀ ရရှိဖို့ မြေနေရာတင်ပြလျှောက်ထားခြင်းမရှိကြောင်း သိရှိ ရပါတယ်။ ဌာနအချင်းချင်းချိတ်ဆက်မှုအားနည်းလို့ အခုလိုဖြစ်ရခြင်းဖြစ်ပါတယ်။ အဲလိုကျွန်တော် မေးမြန်းပြီးတဲ့အချိန်ကျမှ ၁၈-၇-၂၀၁၈ ရက်နေ့မှကျမှ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီ နေပြည်တော်ကို လျှောက်ထားခဲ့ပြီး မြို့နယ် မြေစာရင်းဌာနမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ကန့်ကွက်ရန်ရှိက ကန့်ကွက်နိုင်ကြောင်း

ကြေညာထားခြင်းဖြစ်ပါတယ်။ မြေဇက ၈၀ ရရှိဖို့ တစ်နှစ်နဲ့တစ်လတိတိ လျှောက်ထားမှုမရှိခဲ့တာပါ။ အဲဒီအဆင့်တွေပြီးမှ ဇက ၈၀ က အခြားအသုံးပြုခွင့် ရရှိမှာပါ။ ရရှိလာမှ ခုနတင်ပြခဲ့တဲ့ မြေနေရာ ရှင်းလင်းတာတွေ၊ မီးရရှိဖို့တွေ တစ်ဆင့်ချင်းသွားရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရက မြေအသုံးပြုခွင့် ဆောင်ရွက်ပေးမယ်လို့ ဖြေကြားထားပေမဲ့ ဒီဇက ၈၀ ကို ဘယ်သူကမှ မလျှောက်ခဲ့လို့ တစ်နှစ်နဲ့တစ်လလောက် အချိန်အလဟသဖြစ်ပြီး ကတိပြတ်သွားရတာခြင်းဖြစ်ပါတယ်။ ကော်မတီရဲ့အကြံပြုချက် အပိုဒ် ၁၃ မှာ မြေပြင်အခြေအနေနဲ့ကိုက်ညီမှုမရှိခြင်း၊ လုပ်ငန်းရှင်များက လိုက်နာရန် ငြင်းဆန်နေခြင်းလို့ ကျွန်တော့်ရဲ့ ၂၀-၆-၂၀၁၈ ရက်နေ့က မေးခွန်းကို ဥပမာပေး ဖော်ပြထားတာကို တွေ့ရပါတယ်။ တကယ်တော့ မြေပြင်အခြေအနေနဲ့ကိုက်ညီမှုမရှိခြင်း၊ လုပ်ငန်းရှင်များက လိုက်နာရန်ငြင်းဆန်နေခြင်းဆိုတာ မဟုတ်ပါဘူး။ အမှန်တကယ်က မြေအသုံးပြုခွင့် မရသေးလို့၊ လုပ်ငန်းမစနိုင်လို့ ကတိပြတ်တာပါ။ မြေနေရာ တရားမဝင်ခွင့်ပြုချက်မရသေးဘဲ၊ လိုအပ်ချက်တွေ မလုပ်သေးဘဲ လုပ်ငန်းရှင်တွေကို တောကြီးထဲကိုသွားပို့နေလို့ မရပါဘူး။ တစ်ဖက်က လုပ်ငန်းရှင်တွေ အဆင်ပြေဖို့ဆောင်ရွက်နေရသလို တစ်ဖက်က ပြည်သူတွေရဲ့ တောင်းဆိုချက်ကိုလည်း အလေးထား ဆောင်ရွက်ရပါတယ်။ ကတိကဝတ်ကော်မတီဆိုတာ ကိုယ်စားလှယ်တွေအလေးထားရတဲ့ ကော်မတီ တစ်ခုပါ။ ကော်မတီအနေနဲ့ အကြံပြုချက်မှာ ထည့်သွင်းရေးထားမယ်ဆိုရင်လည်း လွှတ်တော်ရဲ့ စာတစ်ကြောင်း၊ စကားတစ်လုံးဟာ အင်မတန်ထိရောက်တဲ့အတွက် အကြောင်းအရာနဲ့ပတ်သက်တဲ့ ကိစ္စကို ထဲထဲဝင်ဝင်လေ့လာဖို့ လိုအပ်သလို မြေပြင်ကွင်းဆင်းလေ့လာခြင်း၊ သက်ဆိုင်ရာမေးခွန်း တင်သွင်းခြင်းနဲ့ ကိုယ်စားလှယ်နဲ့တွေ့ဆုံမေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီးမှ တင်သွင်းစေလိုပါတယ်။ ဒီလိုမှမဟုတ်ရင် အများပြည်သူအမြင်မှာ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းက မသေချာဘဲ ဆောင်ရွက်နေသလိုမျိုး၊ သက်ဆိုင်ရာကိုယ်စားလှယ်က မြေပြင်ကွင်းဆင်းခြင်းမရှိဘဲ ဆောင်ရွက်နေသလိုမျိုး အထင်အမြင်လွဲမှားစေနိုင်တဲ့အတွက် အကြံပြုဆွေးနွေးလိုက်ရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်းကို ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဝင်း(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာ ၃/၂၀၁၈ အပေါ် အပြုသဘော အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၀၀ အရ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာတင်ပြနိုင်ခြင်းမရှိကြောင်းတွေ့ရှိရပြီး ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပသည့်အကြိမ်တိုင်း ကော်မတီ၏အစီရင်ခံစာကို မပျက်မကွက် တင်သွင်းသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ဆောင်ရွက်ချက်

များတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေးနှင့် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ဖော်ပြပါရှိသည့် ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများတွင် ကတိဖြစ်ခဲ့သည့် မေးခွန်းများနှင့် နောက်ဆက်တွဲ(ခ)ပါဇယားတွင် ဖော်ပြပါရှိသည့် ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများတွင် ကတိဖြစ်ခဲ့သည့်မေးခွန်းများသည် အရေအတွက်များကိုက်ညီမှုမရှိ ကွဲလွဲနေကြောင်းတွေ့ရှိရပြီး နောင်တွင် ကွဲလွဲမှုမရှိစေရေး စနစ်တကျစိစစ်ပြီးမှသာ တင်ပြသင့်ကြောင်း အကြံပြုပါတယ်။ ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးများတွင် အတည်ပြုခဲ့သည့်အဆိုများ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ၏ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေပြဇယားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ဆဲလုပ်ငန်း ၂၁၀ ဖြင့် အများဆုံးဖြစ်နေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ဆဲလုပ်ငန်း ၁၂၅ ဖြင့် ဒုတိယအများဆုံးနေရာနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်ဆဲလုပ်ငန်း ၈၀ ဖြင့် တတိယအများဆုံးဖြစ်နေကြောင်း တွေ့ရှိရပြီး စုစုပေါင်းဆောင်ရွက်ဆဲလုပ်ငန်း ၈၄၀ ကျန်ရှိနေကြောင်း တွေ့ရှိရပါသဖြင့် ကော်မတီအနေဖြင့် ဘတ်ဂျက်နှစ်အလိုက် ပြီးစီးရမည့်လုပ်ငန်းများကို အချိန်မီပြီးစီးစေရေးအတွက် ကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင် Check List ထားရှိပြီး စနစ်တကျပြန်လည်စိစစ်ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ ကတိဖြစ်ခဲ့သည့် လုပ်ငန်းကိစ္စများနှင့်ပတ်သက်၍ မြေပြင်အခြေအနေတွင် ဆောင်ရွက်သည့်အခါ ဖြေကြားချက်နှင့်ကိုက်ညီမှုမရှိခြင်း၊ ကွဲလွဲနေခြင်းနှင့် သတ်မှတ်ချိန်အတိုင်း မပြီးစီးနိုင်ခြင်းစသည့်အချက်များအပေါ် ကော်မတီအနေဖြင့် လိုအပ်သလို စစ်ဆေးမှုများပြုလုပ်ပြီး တွေ့ရှိချက်များကို လွှတ်တော်သို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံကာ လွှတ်တော်မှအစိုးရအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီအကြောင်းကြားနိုင်ရေး ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်အနေဖြင့် ဆောင်ရွက်နေသည့် စီမံကိန်းများနှင့် လွှတ်တော်တွင် ကတိဖြစ်ခဲ့သည့် ဆောင်ရွက်ရမည့်အာမခံချက်များ၊ လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၈ အရ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်းရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးလျက်ရှိပါသည်ဟု ယေဘုယျမဖော်ပြဘဲ အမှန်တကယ်သွားရောက်ခဲ့သည့် အကြိမ်အရေအတွက် တွေ့ရှိချက်များ၊ မှတ်တမ်းဓာတ်ပုံ၊ Power Point တို့ဖြင့် ကိုယ်စားလှယ်အားလုံးသိရှိအောင် ဖော်ပြသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ကော်မတီမှ စိစစ်ရမည့်လုပ်ငန်းများ များပြားသဖြင့် အားလုံးစိစစ်ရန် ခက်ခဲပါက သက်ဆိုင်ရာမြို့နယ်များမှ ကိုယ်စားလှယ်များ၏အကူအညီကိုရယူပြီး လုပ်ငန်းပြီးစီးမှု၊ အရည်အသွေး၊ စံချိန်စံညွှန်း၊ စိစစ်မှုတို့ကို Electronic ဆက်သွယ်မှုနည်းစနစ်များအသုံးပြုပြီး ဆက်သွယ်ဆောင်ရွက်သင့်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ရန်အတွက် လိုအပ်သည့်နည်းပညာ၊ အထောက်အကူပစ္စည်းနှင့် ရုံးအဖွဲ့တို့အား လွှတ်တော်သို့တင်ပြတောင်းခံကာ ပေးအပ်ထားသည့် တာဝန်အား အပြည့်အဝဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးအဖွဲ့ကိုယ်စား ဖြေကြားချက်များအပေါ်တွင်လည်း ကိုယ်စားပြုဖြေကြားပေးသည့် ဝန်ကြီးဌာနမှ တာဝန်ယူ၊ တာဝန်ခံပေးရန် လိုအပ်ပါသည်ဟု ဖော်ပြပါရှိသဖြင့် ဖြေကြားရာတွင် အားနည်းချက်ရှိသည့်ဝန်ကြီးဌာနများအား ဖိတ်ကြား၍ လိုအပ်ချက်များကို ကော်မတီမှ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ အစိုးရအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားခြင်း၊

ဆောင်ရွက်မှုအခြေအနေများကို အစီရင်ခံစာ၌ ပြည့်ပြည့်စုံစုံထည့်သွင်းတင်ပြသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ကော်မတီ၏အစီရင်ခံစာတွင် ဖော်ပြထားသည့် ဆောင်ရွက်ဆဲလုပ်ငန်းများမှ ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်လျာထားချက်အတိုင်း ပြီးစီးမှုမရှိသောလုပ်ငန်းများကို ကော်မတီမှမှတ်တမ်းထားရှိပြီး လွှတ်တော်သို့ တင်ပြသင့်ကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းအကျန်ဟု သတ်မှတ်ထားသည့် လုပ်ငန်းများသည် ဘတ်ဂျက်မလောက်လို့လား၊ ဒါမှမဟုတ် ဘတ်ဂျက်ရရှိပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်းများလား စသည်ဖြင့် ရှင်းလင်းစွာဖော်ပြသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ရာနှုန်းပြည့်ပြီးမြောက်သောလုပ်ငန်းများကို စစ်ဆေးခြင်းထက် ကော်မတီသို့ တိုင်ကြားလာသောကိစ္စရပ်များ၊ လုပ်ငန်းမပြီးဘဲ ကျန်နေသောလုပ်ငန်းများနှင့် ရာနှုန်းပြည့်ပြီးမြောက်ခြင်းမရှိသောလုပ်ငန်းများကိုသာ အဖွဲ့များခွဲ၍ စစ်ဆေးသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ကော်မတီအနေဖြင့် လွှတ်တော်အစည်းအဝေးတစ်ကြိမ်ပြီးတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စာရင်းဇယားတိုက်ဆိုင်စစ်ဆေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းများအပေါ် လုပ်ငန်းဇယားထားရှိကာ အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းတို့အား စဉ်ဆက်မပြတ်တွန်းအားပေးဆောင်ရွက်သင့်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးဇင်လင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအား အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကော်မတီ၏ အစီရင်ခံစာအပိုဒ်(၃)တွင် သတ္တမပုံမှန်အစည်းအဝေးနှင့် အဋ္ဌမပုံမှန်အစည်းအဝေးတို့တွင် ကတိကဝတ်ဖြစ်ခဲ့သော မေးခွန်းနှင့်အဆိုများအား ဖော်ပြထားပါတယ်။ အသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။ အတည်ပြုလိုက်တဲ့အဆိုတွေဟာ ပြည်ထောင်စုအစိုးရအပါအဝင် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို မဖြစ်မနေဆောင်ရွက်ရန် လွှတ်တော်က တာဝန်ပေးအပ်ခြင်းများဖြစ်ပါတယ်။ ဒီလိုတာဝန်ပေးတာကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နဲ့ ဆောင်ရွက်ချက်တွေကို လွှတ်တော်သို့ ပြန်လည်အစီရင်ခံရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၈ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၈ ပုဒ်မခွဲ(ဂ)တို့တွင် တင်ပြပါအတိုင်း ပြဋ္ဌာန်းထားရှိပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းသုံးနှစ်တာကာလအတွင်း ယနေ့အထိ တင်သွင်းတဲ့အဆို စုစုပေါင်း ၁၁၉ ခုရှိပြီး ဆွေးနွေးရန်ကျန်အဆို ခုနစ်ခုရှိပါတယ်။ အဆိုတွေအပေါ်မှာ ဆွေးနွေးခဲ့တဲ့ကိုယ်စားလှယ်စုစုပေါင်း ၁၃၀၃ ဦးရှိပြီး အတည်ပြုခဲ့တဲ့အဆိုစုစုပေါင်း ၄၈ ခုရှိပါတယ်။

အတည်ပြုခဲ့တဲ့အဆိုတွေထဲမှာ ၄၃ ခုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ကိုယ်စားလှယ်တွေ တင်သွင်းတဲ့အဆိုဖြစ်ပြီးတော့ လေးခုကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကိုယ်စားလှယ်တွေ တင်သွင်းတဲ့အဆိုဖြစ်ပါတယ်။ တစ်ခုကတော့ လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီက ကိုယ်စားလှယ်တင်သွင်းတဲ့အဆိုဖြစ်ပါတယ်။ အတည်ပြုခဲ့တဲ့အဆိုတွေကို ခုနှစ်အလိုက်ကြည့် မယ်ဆိုရင် တင်ပြပါအတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အဆိုပါ အတည်ပြုထားတဲ့အဆိုတွေကို ကြည့်မယ် ဆိုလို့ရှိရင် ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့်ကိစ္စရပ်များရှိသလို ဆောင်ရွက်ဆဲ ကိစ္စရပ်များလည်း ရှိပါတယ်။ ရေရှည်မူဝါဒချမှတ်ပြီး စီမံချက်ရေးဆွဲကာ ငွေကြေးအများအပြားသုံးစွဲရ မယ့်ကိစ္စရပ်များလည်း ရှိပါတယ်။ ဆောင်ရွက်ပြီးသွားတဲ့အဆိုတွေနဲ့ပတ်သက်လို့ ကော်မတီအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဆောင်ရွက်ပြီးစီးမှုရလဒ်၊ အကျိုးအမြတ်တို့ကို စိစစ်ကြားနာပြီး လွှတ်တော်သို့ အစီရင်ခံတင်ပြသင့်ပါတယ်။ အချို့အဆိုတွေအနေဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန် လူ့စွမ်းအားအရင်းအမြစ်၊ ငွေကြေး၊ နည်းပညာ၊ ဥပဒေများကိုပါ ပြင်ဆင်ရန် လိုအပ်မှာဖြစ်ပါတယ်။ မည်သည့်အခက်အခဲကြောင့် ကြန့်ကြာနေတယ်။ မည်မျှအကောင် အထည်ဖော်ဆောင်ရွက်နေတယ်ဆိုတာကို ကော်မတီအနေနဲ့ ကြားနာပြီး လွှတ်တော်သို့ အစီရင်ခံ တင်ပြသင့်ပါတယ်။

ကော်မတီအနေဖြင့် အတည်ပြုပြီးအဆိုများ ကြားနာရာမှာ ဝန်ကြီးဌာန၊ ပြည်ထောင်စု အဖွဲ့အစည်းတို့က ၎င်းတို့၏ဆောင်ရွက်နေမှုကို စာဖြင့်ပေးပို့နေခြင်းကို အစီရင်ခံစာတွင် ဖော်ပြနေ ခြင်းလား။ ကော်မတီသို့ခေါ်ယူကာ အသေးစိတ်ကြားနာခြင်းလားဆိုတာ အစီရင်ခံစာတွင် တိကျစွာ ဖော်ပြသင့်ပါတယ်။ အဆိုနှင့်ပတ်သက်ပြီး အစီရင်ခံစာ၏နောက်ဆက်တွဲတွင် ဖော်ပြထားသော်လည်း အပြန်အလှန်ကြားနာတဲ့ပုံစံမတွေ့ရှိရပါ။ Paper Work မျိုးမဖြစ်လေရအောင် ကွင်းဆင်းစစ်ဆေးမှုမျိုး ပိုမိုဆောင်ရွက်သင့်သလို တွေ့ရှိချက်တွေကို အစီရင်ခံစာမှာ ဖော်ပြသင့်ပါတယ်။ အတည်ပြုပြီးအဆို တွေကို စဉ်ဆက်မပြတ်စောင့်ကြည့်နိုင်ရေးအတွက် ဥက္ကဋ္ဌကြီးခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာကော်မတီ တွေကိုပါ ပူးတွဲတာဝန်ပေးအပ်သင့်ပါတယ်။ အတည်ပြုပြီးအဆိုများနှင့် လွှတ်တော်တစ်ရပ်လုံးက ကန့်ကွက်သူမရှိ ထောက်ခံအတည်ပြုခဲ့တဲ့အဆို ၃၆ ခု၊ မဲခွဲကာအတည်ပြုခဲ့တဲ့အဆို ၁၂ ခုရှိပါတယ်။ အဆိုတွေကို အကောင်အထည်ဖော်ရာမှာ အောင်မြင်မှုရှိတဲ့ကိစ္စတွေရှိသလို လွှတ်တော်ကိုယ်စားလှယ် တွေက အကြံပြုဆွေးနွေးတဲ့အတိုင်း ခက်ခဲတွေနဲ့ တွေ့နေတဲ့ကိစ္စတွေလည်း ရှိနိုင်ပါတယ်။ ကော်မတီ အနေနဲ့ အကောင်အထည်ဖော်ရန် နှောင့်နှေးနေတဲ့အဆိုများနှင့်ပတ်သက်ပြီး အဆိုတစ်ခုချင်းစီအပေါ် တွင် လွှတ်တော်တစ်ရပ်လုံးက ပြန်လည်သုံးသပ်နိုင်ဖို့ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ လာရောက်ရှင်းလင်းရန် ဖိတ်ကြားသင့်ပါတယ်။

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက အတည်ပြုရန် သဘောတူခဲ့တဲ့အဆို ၃၇ ခု၊ မှတ်တမ်းတင် ရန်သာပြောသော်လည်း လွှတ်တော်က မဲခွဲဆုံးဖြတ်တဲ့အတည်ပြုအဆို လေးခု၊ အဆုံးအဖြတ်မပေးဘဲ လွှတ်တော်ကသာ အတည်ပြုခဲ့တဲ့အဆို ခုနှစ်ခုရှိပါတယ်။ အတည်ပြုထားသောအဆိုအများစုမှာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက သဘောတူခဲ့သဖြင့် ကတိပြုထားတဲ့သဘောဖြစ်ရာ ထိုကတိကဝတ်

များတည်စေရန်အလို့ငှာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကော်မတီအနေဖြင့် သက်ဆိုင်ရာ ကော်မတီများနှင့်အတူ စဉ်ဆက်မပြတ်စောင့်ကြည့်ကာ အပြည့်အဝဆောင်ရွက်နိုင်မှုရှိ/မရှိ၊ အပြည့်အဝဆောင်ရွက်နိုင်မှုရှိရင် နိုင်ငံတကာမှာ မည်ကဲ့သို့ဆောင်ရွက်ကြတယ်ဆိုတာ ကော်မတီအနေဖြင့် လေ့လာထားရန် လိုအပ်မှာဖြစ်ပါတယ်။ အဆိုတစ်ခုချင်းစီအပေါ်တွင်လည်း အကြံပြုသုံးသပ်ချက်များကို အစီရင်ခံစာမှာ ဖော်ပြသင့်ပါတယ်။ ယခုအတည်ပြုထားတဲ့အဆို ၄၈ ခုကို ဌာနအလိုက် ခွဲခြားကြည့်မယ်ဆိုရင် တင်ပြပါအတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အတည်ပြုထားတဲ့အဆိုတွေများနေတဲ့ဝန်ကြီးဌာနတွေအနေနဲ့ ၎င်းတို့တွေရဲ့ဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး စာရွက်တွေအပေါ်မှာသာ ပျောက်ဆုံးသွားမှုမျိုးမဖြစ်ရလေအောင် လွှတ်တော်ထဲအထိ လာရောက်ရှင်းလင်းရန် ကော်မတီအနေဖြင့် ဖိတ်ကြားသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

အမျိုးသားလွှတ်တော်တွင် အတည်ပြုထားတဲ့အဆိုတွေရှိသေးကြောင်းလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဒီနေရာမှာ ပြည်ထောင်စုအစိုးရကို ထိန်းကျောင်းတဲ့အဆိုတွေများနေရင် အဲဒီအဆိုတွေကို မဖြစ်မနေအကောင်အထည်ဖော်နေရတာကြောင့် ပြည်ထောင်စုအစိုးရအနေနဲ့ မူဝါဒချမှတ်ပြီး ငါးနှစ်တာကာလအတွင်း ဘက်ပေါင်းစုံကနေ ဟန်ချက်ညီညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့ အမျိုးသားစီမံကိန်းရဲ့အရှိန်အဟုန်ကိုထိခိုက်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်ပါတယ်။ သို့ရာတွင် ပြည်ထောင်စုအစိုးရအနေနဲ့ ယခုတိုင် ငါးနှစ်တာအမျိုးသားစီမံကိန်းကိုရေးဆွဲပြီး လွှတ်တော်သို့တင်ပြခြင်းမရှိသေးတဲ့အတွက် လွှတ်တော်ကအတည်ပြုလိုက်တဲ့အဆိုတွေဟာ အစိုးရရဲ့စီမံကိန်းတွေကို အမှန်တကယ်အထောက်အကူပြုကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို သက်ရောက်စေရဲ့လား။ သို့တည်းမဟုတ် အစိုးရကို အခက်အခဲဖြစ်စေသလား။ ဘက်ပေါင်းစုံကဟန်ချက်ညီညီဖြစ်စေရဲ့လား။ အစိုးရရဲ့ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စရပ်တွေအပေါ်မှာ သက်ရောက်မှုရှိသလား။ အစိုးရကရော အမှန်တကယ်အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရဲ့လား။ လက်တွေ့အမှန်တကယ်ရော ပြည်သူတွေရဲ့ဘဝကို အထောက်အကူဖြစ်စေရဲ့လားဆိုတာ ကော်မတီအနေဖြင့် ဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် အသေးစိတ်ကြားနာပြီး အစီရင်ခံစာတွင် အကြံပြုချက်၊ သုံးသပ်ချက်များအနေဖြင့် ဖော်ပြသင့်ပါကြောင်း အပြုသဘောအကြံပြုဆွေးနွေးရင်း လွှတ်တော်ရဲ့တာဝန်တစ်ခုဖြစ်တဲ့ အပြန်အလှန်ထိန်းကျောင်းနိုင်ရေးတာဝန်ကို ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဦး(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအဖွဲ့ဝင် ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးချက်အရ အစီရင်ခံစာ(၃/၂၀၁၈)အပေါ်မှာ ဆွေးနွေးအကြံပြုချက်များကို ပြန်လည်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာ (၃/၂၀၁၈)အပေါ်မှာ ဆွေးနွေး

အကြံပြုပေးကြပါသော တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်းနှင့် ဗိုလ်မှူးဇင်လင်းတို့ကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဒီအစီရင်ခံစာ (၃/၂၀၁၈)အပေါ်မှာ အကြံပြုဆွေးနွေးသွားတာကိုလည်း ကျွန်တော်တို့ကော်မတီမှ မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေက ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ မှာ လွှတ်တော်တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ အခါအားလျော်စွာအာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်ပြီးတော့ လွှတ်တော်သို့ တင်ပြရမယ်လို့လည်း တင်ပြထားပါတယ်။ အဲဒီတော့ ဒီနေရာမှာ နည်းဥပဒေ ၉၆ နည်းဥပဒေခွဲ(က)မှာ အစိုးရအဖွဲ့များအနေနဲ့ ပေးခဲ့သော အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ မည်သည့်အချိန်အထိ ပြီးစီးကြောင်းကိုလည်း စိစစ်တင်ပြရပါတယ်။ ဒီနေရာမှာ (၃/၂၀၁၈)အကြံပြုချက်မှာ ဦးနိုင်နိုင်ဝင်း ဆွေးနွေးသွားသလို အချို့သောဝန်ကြီးဌာနများသည် ကြယ်ပွင့်ပြမေးခွန်းများကို စာဖြင့်ဖြေကြားရာတွင် လုပ်ငန်းဆောင်ရွက်ပေးသွားမည်ဟု ပေးသွားခဲ့သော်လည်း လုပ်ငန်းများဆောင်ရွက်သည့်အခါ မြေပြင်အခြေအနေကိုက်ညီမှုမရှိခြင်း၊ လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်ရန် ငြင်းဆန်ခြင်း၊ ပြည်သူအချင်းချင်း နားလည်မှုလွဲမှားစေခြင်းတို့မဖြစ်ရလေအောင် ဌာနဆိုင်ရာ၊ ဒေသဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ ဒေသခံပြည်သူလူထုသဘော ထားနှင့်ကိုက်ညီအောင် ညှိနှိုင်းပြီးမှ ဖြေကြားသင့်ပါသည်လို့ အကြံပြုထားတာရှိပါတယ်။

ဒီအကြံပြုချက်က ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်ကို အပြစ်တင်ပြောကြားတာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ဒီလုပ်ငန်းကျန်တွေကို ပြန်လည်စိစစ်တဲ့အခါမှာ အခုနက ဗိုလ်မှူးကြီးဆွေးနွေးသွားသလို လုပ်ငန်းကျန်ပေါင်းက ၈၀၀ ကျော်ရှိပါတယ်။ ဒီလုပ်ငန်းကျန်တွေ ကျွန်တော်တို့ပြန်စစ်တဲ့အခါမှာ တချို့သောမေးခွန်းတွေက ဥပမာဆိုရင် ဦးနိုင်နိုင်ဝင်းသူပြောသွားတဲ့မေးခွန်းမှာ ၂၀-၆-၂၀၁၇ ရက်နေ့က တမူးမြို့နယ်က စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်လိုအပ်မှုများထဲမှ ပြည်သူလူထု၏ကျန်းမာရေးနှင့် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ကြက်မွေးမြူရေးအကောင်အထည်ဖော်မှုအတွက် လိုအပ်တဲ့မြေနေရာကို သူကတောင်းထားတာပါ။ ဒါကို ကျွန်တော်တို့သက်ဆိုင်ရာဝန်ကြီးဌာနက ကြက်မွေးမြူရေးဇုန်ကို တမူးမြို့နယ် တမူး-ကူးဆူးကျေးရွာ မြောက်ဘက် သုံးမိုင်အကွာမှာ မြေလွတ်၊ မြေရိုင်း ၈၀ ဧကပေါ်တွင် ဆောင်ရွက်ရန်လျာထားပါတယ်လို့ ဖြေသွားပါတယ်။ သို့သော် ဒီဟာဖြေကြားပြီးတော့ တစ်နှစ်ကျော်ကြာတဲ့အထိမှာ မြေရရှိဖို့အတွက် ၁၈-၇-၂၀၁၈ ရက်နေ့ကျမှ မြေလွတ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို စာတင်ထားတာ တွေ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့မေးခွန်းထဲမှာ ကတိဖြစ်ထားတာနဲ့ မြေဧကရဖို့၊ ကြက်မွေးမြူရေးဇုန်ဆောက်ဖို့လုပ်ထားတာ တစ်နှစ်နှင့် ခြောက်လကျော်ပြီးမှ မြေက လျှောက်တုန်းရှိသေးတဲ့အခါကျတော့ ကျွန်တော်တို့ရဲ့ကော်မတီအကြံပြုချက်က ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနတွေဟာ အခုနက အပိုဒ် ၁၃ မှာ တင်ပြထားသလို သက်ဆိုင်ရာဌာနများ၊ အုပ်ချုပ်ရေး

ဆိုင်ရာ၊ ဒေသဆိုင်ရာပြည်သူများနှင့် ကိုက်ညီအောင်ညှိနှိုင်းဆောင်ရွက်ပြီးမှပဲ သက်ဆိုင်ရာဝန်ကြီးဌာန ကတိအဖြစ်ပေးသင့်ပါတယ်လို့ ကျွန်တော်တို့ကဆိုလိုတာပါ။

ဒါဟာလဲ ဘာလို့ကျွန်တော်တို့ပြောရလဲဆိုတော့ ကျွန်တော်တို့ ဒီအစီရင်ခံစာကို ဖြန့်ဝေတဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ်မကဘဲနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကိုလည်း ကျွန်တော်တို့က ဖြန့်ဝေရပါတယ်။ ဒါမှလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဒေသခံ ပြည်သူတွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ကျွန်တော်တို့ရဲ့လွှတ်တော်လုပ်ငန်းကြီးအောင်မြင်မှာဖြစ်ပါတယ်။ နောက်တစ်ချက် တပ်မတော်သားကိုယ်စားလှယ်ကြီးဆွေးနွေးတဲ့အထဲမှာ ကျွန်တော်တို့ကော်မတီ အနေနဲ့ ဒီလုပ်ငန်းကျန်တွေများနေရတဲ့အကြောင်းက ကျွန်တော်တို့ရဲ့လွှတ်တော်ကိုယ်စားလှယ်များ ဟာ လွှတ်တော်မေးခွန်းမေးတဲ့အခါမှာ လွှတ်တော်မေးခွန်းတစ်ခုတည်းအပေါ်မှာ လုပ်ငန်းတွေက တစ်ခုထက်ပိုမိုမေးထားတဲ့အတွက်ကြောင့် ဝန်ကြီးဌာနတွေက ဆောင်ရွက်တဲ့အခါမှာ တချို့လုပ်ငန်း တွေ ပြီးတယ်။ တချို့လုပ်ငန်းတွေက မပြီးတာတွေလည်းပါပါတယ်။ နောက်တစ်ခါ မေးခွန်းများဟာ လည်း တစ်နိုင်ငံလုံးအတိုင်းအတာကို ရည်ညွှန်းတဲ့မေးခွန်းတွေဖြစ်တယ်။ နောက်တစ်ခါဌာနဆိုင်ရာ တွေရဲ့ဖွဲ့စည်းပုံဇယားနှင့်ပတ်သက်ပြီးတော့ မေးမြန်းချက်များဟာလည်း ရေရှည်ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေဖြစ်တဲ့အတွက် ပြည်ထောင်စုအဖွဲ့အစည်းတွေက ဝန်ကြီးတွေနဲ့ဆောင်ရွက်ရတဲ့အခါမှာ တစ်ကြိမ်တစ်ခါတည်းနဲ့မပြီးပြတ်တာတွေလည်းရှိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့လုပ်ငန်း လက်ကျန်တွေ များနေရခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ကော်မတီအနေနဲ့ တစ်လ တစ်ကြိမ် သက်ဆိုင်ရာဝန်ကြီးဌာနများက ဒီကတိဖြစ်ခဲ့တဲ့မေးခွန်းလုပ်ငန်းလက်ကျန်တွေကို ကျွန်တော်တို့ရဲ့ကော်မတီကို ဆောင်ရွက်ထားမှုအခြေအနေကို တင်ပြပေးဖို့ဖို့လုပ်ထားပါတယ်။ အဲဒီ တင်ပြပြီးစီးမှုဟာလည်း ကျွန်တော်တို့ကော်မတီက အပတ်စဉ်ကော်မတီအစည်းအဝေးမှာ ညှိနှိုင်း ပေါင်းစပ်ပြီးတော့ လိုအပ်ရင် လိုအပ်သလို ဝန်ကြီးဌာနတွေနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေကို ညှိနှိုင်းဆောင်ရွက်သွားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ရဲ့အစီရင်ခံစာဆွေးနွေးမှုအပေါ်မှာ ကောင်းမွန်တဲ့အကြံပြုချက်တွေကို တွေ့ရှိရပါတယ်။ အဲဒီအကြံပြု ချက်တွေကို အလေးထားပြီး ဖြည့်ဆည်းဆောင်ရွက်သွားဖို့ လိုမှာဖြစ်သလို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းအနေနဲ့ ကွဲလွဲချက်များရှိနေမယ်ဆိုလို့ရှိရင်လည်း ကော်မတီအနေနဲ့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်သော်လည်း ကောင်း၊ ပြန်လည်ပြီးမှ ဖိတ်ကြားပြီး ရှင်းလင်းဖို့လိုအပ်မယ်လို့ ဥက္ကဋ္ဌတစ်ဦးအနေနဲ့ မှာကြားလို ပါတယ်။

## ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဦး(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး ဖြစ်ပြီးတော့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များစိစစ်ရေးကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌ၏တာဝန်ပေးချက် အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ပြည်သူ့ လွှတ်တော်သို့ အစီရင်ခံတင်သွင်းခဲ့သော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာအမှတ်(၃/၂၀၁၈)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သောအဆိုများ၊ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ ရှင်းလင်းချက်များကိုစိစစ်၍ သုံးသပ်ချက်များ၊ အကြံပြုချက်များပါရှိသော ကော်မတီ၏ (၃/၂၀၁၈)အစီရင်ခံစာအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ပြည်သူ့လွှတ်တော်သို့ နည်းဥပဒေ ၁၀၀ အရ အစီရင်ခံစာတင်ပြခဲ့ပြီးဖြစ်ပါသည်။ ဤအစီရင်ခံစာအပေါ် တမူးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဝင်း၊ ဗိုလ်မှူးဇင်လင်းတို့မှလည်း အကြံပြုဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။ အကြံပြုဆွေးနွေးခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကော်မတီမှ အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကော်မတီ အစီရင်ခံစာ ၃/၂၀၁၈ နှင့်ပတ်သက်ပြီး ဆွေးနွေးအကြံပြုချက်များကိုလည်း ကော်မတီမှ မှတ်တမ်းတင် ထားရှိမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

သို့ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ(ဃ)အရ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာ ၃/၂၀၁၈ အား လွှတ်တော်ကြီးမှ သဘောတူလက်ခံအတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ (၁၉-၁၂-၂၀၁၈ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၁-၁၂-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်အလိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထား ရယူဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(ဃ)အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်

ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၁၃)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးနိုင်ရန်ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ဖြစ်တဲ့ ၁၉-၁၂-၂၀၁၈(ဗုဒ္ဓဟူးနေ့)မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၂၁-၁၂-၂၀၁၈ (သောကြာနေ့)နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က ပြင်ဆင်ချက်အဆိုများ တင်သွင်းလာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့က တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၅-၁-၂၀၁၉ ရက်(သောကြာနေ့)မှာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက် ၁၃ ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက် (၁၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၂ | ၁၊ ၂၊ ၃ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ [အပိုဒ် |

| | | | |
|---|---|---|---|
| | | | ၂ အပိုဒ်ခွဲ(ဆ)] |
| (ခ) | ၂ မှ ၃ | ၄၊ ၅၊ ၆၊ ၇ | အပိုဒ် ၃ အပိုဒ်ခွဲ(က) [ပုဒ်မ ၈ ပုဒ်မခွဲ(က)ကို ပြင်ဆင်ခြင်း]၊ အပိုဒ်ခွဲ(ခ) [ပုဒ်မ ၈ ပုဒ်မခွဲ(စ)ကို ပြင်ဆင်ခြင်း]၊ အပိုဒ်ခွဲ(ဂ) ပုဒ်မ ၈ ပုဒ်မခွဲ(ဆ)ကို ပြင်ဆင်ခြင်း]၊ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၈ ပုဒ်မခွဲ(ဇ)ကို ပြင်ဆင်ခြင်း] |
| (ဂ) | ၄ မှ ၅ | ၉၊ ၁၀ | အပိုဒ် ၃ အပိုဒ်ခွဲ(င) [ပုဒ်မ ၈ ပုဒ်မခွဲ(ဍ)နှင့်(ဎ)တို့ကို ပြင်ဆင်ခြင်း]၊ အပိုဒ်ခွဲ(စ) |
| (ဃ) | ၆ မှ ၇ | ၁၃၊ ၁၄၊ ၁၅ | အပိုဒ် ၄ အပိုဒ်ခွဲ(ဂ) [ပုဒ်မ ၉ ပုဒ်မခွဲ(ဂ)ကို ပြင်ဆင်ခြင်း]၊ အပိုဒ်ခွဲ(ဃ) [ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)ကို ပြင်ဆင်ခြင်း]၊ အပိုဒ်ခွဲ(င) [ပုဒ်မ ၉ ပုဒ်မခွဲ(စ)ကို ပြင်ဆင်ခြင်း] |
| (င) | ၈ | ၁၇ | အပိုဒ် ၅ အပိုဒ်ခွဲ(ခ) [ပုဒ်မ ၁၀ ပုဒ်မခွဲ(င)ကို ပြင်ဆင်ခြင်း] |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက် (၁၃)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဦးစောဗယ်လင်တိုင်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော လူကြီးမင်းများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက တင်ပြပါသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဥပဒေကြမ်းကော်မတီနှင့် ကြိုတင်ညှိနှိုင်းခဲ့ပြီး ဖြစ်တဲ့အတွက် သဘောတူပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၁၃) ချက်အား အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၃) ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသွားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ (၄.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




**U Bo Bo Ngal** **Daw Nan Moe**




**Dr Htun Nain** **U Nay Myo Htet**




**Dr Htun Nain** **U Thein Htun**




**Dr Htun Nain** **Dr Linn Linn Kyaw**




**U Kyaw Myo** **Daw Khin Hnin Thit**




**U Kyaw Myo** **U Nyan Lin**

pyithu.hluttaw.mm


U Kyaw Myo


U Sai Ba Thein

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်